# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၁၅)၊ ၁၃၈၇ ခုနှစ် ၊ တန်ခူးလဆန်း ၈ ရက်၊ ၂၅-၃-၂၀၂၆၊ ဗုဒ္ဓဟူးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စက်သုံးဆီများဖူလုံစွာရရှိရေးနှင့် သုံးစွဲမှုများစနစ်တကျဖြစ်စေရေး အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# စက်သုံးဆီများဖူလုံစွာရရှိရေးနှင့် သုံးစွဲမှုများစနစ်တကျဖြစ်စေရေး အစည်းအဝေးကျင်းပ

## ပြည်တွင်းစက်သုံးဆီဖူလုံစွာရရှိစေရေးနှင့် ပြည်သူများ အကုန်အကျအသက်သာဆုံးဖြင့် သုံးစွဲနိုင်ရေး ဆောင်ရွက်

နေပြည်တော် မတ် ၂၄

စက်သုံးဆီများဖူလုံစွာရရှိရေးနှင့် သုံးစွဲမှုများစနစ်တကျဖြစ်စေရေးအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။ စာမျက်နှာ ၃ သို့

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၂၄

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

၂၀၂၆ ခုနှစ်၊ မတ် ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

## သဘာဝဘေးကာကွယ်ဖို့ နေ့စဉ်တိုင်းတာစောင့်ကြည့်စို့

ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ် အခမ်းအနားများအား နှစ်စဉ် မတ် ၂၃ ရက်နေ့ရောက်တိုင်း ကမ္ဘာတစ်ဝန်းလုံးတွင် ကျင်းပခဲ့သည်။ ၂၀၂၆ ခုနှစ် ကမ္ဘာ့မိုးလေဝသနေ့ဆောင်ပုဒ်သည် သဘာဝဘေးကာကွယ်ဖို့ နေ့စဉ်တိုင်းတာစောင့်ကြည့်စို့ (Observing Today, Protecting Tomorrow) ဖြစ်ပါကြောင်း။ လက်ရှိကမ္ဘာတစ်ဝန်းတွင် မြေငလျင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်းနှင့် တောမီးလောင်ကျွမ်းခြင်းများကဲ့သို့သော သဘာဝဘေးအန္တရာယ်များဖြစ်ပွားမှု တိုးလာနေပါသဖြင့် နေ့စဉ်စောင့်ကြည့်တိုင်းတာခြင်းနှင့်အတူ ကြိုတင်ပြင်ဆင်ခြင်းဖြင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကိုကာကွယ်ရန် အရေးကြီးပါကြောင်း၊ သဘာဝဘေးအန္တရာယ်များကို ကာကွယ်နိုင်ရန်အတွက် မိုးလေဝသနှင့် ဇလဗေဒသတင်းများကို နေ့စဉ်စောင့်ကြည့်ပြီး ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရာတွင် အရေးကြီးဆုံးအချက်မှာ တိကျသော တိုင်းတာရေးမှတ်တမ်းအချက်အလက်များသာဖြစ်ပါကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက နေပြည်တော် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနရုံး အမှတ်(၅)၌ ကျင်းပသည့် (၆၆)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်အခမ်းအနား၌ တိုက်တွန်းပြောကြားသည်။

ဒုတိယဝန်ကြီးက ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ် အခမ်းအနား ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ဆုများချီးမြှင့်ပေးအပ်ပြီး ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သော သဝဏ်လွှာဗီဒီယိုနှင့် ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ် Video Clip တို့ကို ကြည့်ရှုအားပေးပြီး ဧည့်သည်တော်များနှင့်အတူ ခင်းကျင်းပြသထားသည့် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုသည်။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးစီး၍ မိုးလေဝသ၊ ဇလဗေဒ၊ ငလျင်ဘာသာရပ်ဆိုင်ရာ စာတမ်း ၂၈ စောင်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတို့လက်အောက်ရှိ ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်များမှ ဆရာ၊ ဆရာမများ၊ မြန်မာနိုင်ငံမြေငလျင်ကော်မတီနှင့် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းတို့မှ ပညာရှင်များ၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက ဖတ်ကြားဆွေးနွေးခဲ့ကြသည်။

အနာဂတ်ကာလများတွင် သဘာဝဘေးအန္တရာယ်များကြောင့် အသက်၊ အိုးအိမ်ပျက်စီးဆုံးရှုံးမှုများ ကာကွယ်နိုင်မည်ဖြစ်သောကြောင့် ကမ္ဘာ့မိုးလေဝသနေ့ဆောင်ပုဒ်နှင့်အညီ သဘာဝဘေးကာကွယ်ဖို့ နေ့စဉ်တိုင်းတာစောင့်ကြည့်စို့ဟု သတ်မှတ်ထားရာ ဆောင်ပုဒ်နှင့်အညီ အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်ရာတွင် ဒို့တာဝန် အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာ အသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

## လွှတ်တော်ရုံးလုပ်ငန်းများ ရှင်းလင်းတင်ပြခြင်းနှင့် လမ်းညွှန်မှုခံယူခြင်းအခမ်းအနား မန္တလေးတိုင်းဒေသကြီးလွှတ်တော်တွင် ကျင်းပပြုလုပ်

**မန္တလေး မတ် ၂၄**

မန္တလေးတိုင်းဒေသကြီး လွှတ်တော်၊ လွှတ်တော်ရုံးလုပ်ငန်းများ ရှင်းလင်းတင်ပြခြင်းနှင့် လမ်းညွှန်မှုခံယူခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီးလွှတ်တော်၊ သဘင်ဆောင်တွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အောင်ဇော်၊ ညွှန်ကြားရေးမှူး ဦးမြတ်မိုးနှင့် လွှတ်တော်ရုံးဝန်ထမ်းများ တက်ရောက်ကြသည်။



အစီအစဉ်အရ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က အဖွင့်အမှာစကားပြောကြားပြီး ဝန်ထမ်းများအား တစ်ဦးချင်းမိတ်ဆက်ခြင်း၊ ဌာနအလိုက်တာဝန်ရှိသူများက ဌာနစုအလိုက် လုပ်ငန်းတာဝန်များ ရှင်းလင်းတင်ပြခြင်း ဆောင်ရွက်ကြရာ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ (ခဲပုံ)

(၀၉၃)

**သတင်းများ Online မှ တစ်ဆင့်ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်းသိရသည်။

(မန္တလေးနေ့စဉ်)

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြ

**မန္တလေး မတ် ၂၄**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်း၏ လမ်းညွှန်ချက်ဖြင့် ချမ်းအေးသာစံမြို့နယ် အကွက်(၂၂၆)၊ ၂၆ လမ်းနှင့် လမ်း၃၀ကြား မြို့ပတ်ကမ်းနားလမ်းရှိ TAL Trading Co., Ltd. စက်သုံးဆီ အရောင်းဆိုင်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြမီးငြိမ်းသတ်ခြင်းကို ယနေ့မွန်းလွဲ ၃ နာရီက အဆိုပါ ဆီဆိုင်တွင် ကျင်းပသည်။

သရုပ်ပြမီးငြိမ်းသတ်ခြင်း လက်တွေ့ဆောင်ရွက်ရာသို့ ချမ်းအေးသာစံမြို့နယ် မီးသတ်ဦးစီးမှူး ဦးညီထွေးဦးနှင့် သန္နတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချမ်းသာနှင့် ရာအိမ်မှူးများ၊ မြို့နယ်အရန် မီးသတ်တပ်ခွဲမှူး (ထောက်)ဦးသိန်းနိုင်၊ သီရိဟေမာ အနောက် အရန်မီးသတ်စခန်းတာဝန်ခံ ဒုတပ်ခွဲမှူးဦးသိန်းဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများတက်ရောက်ပြီး ဆီဆိုင်များတွင် မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ဆောင်ရန်ရှောင်ရန်များ၊ မီးဘေးအန္တရာယ်ဖြစ်ပွားလာပါက ငြိမ်းသတ်ရန်နည်းလမ်းများကို လက်တွေ့သရုပ်ပြပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၀၄၁)

၀-၀-၀-၀-၀



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

❖ မီးရထားခရီးစဉ်များ၊ အဝေးပြေးဘတ်စ်ကား ခရီးစဉ်များ အစရှိသည့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်စက်သုံးဆီများကို မဖြစ်မနေ ဖြည့်တင်းဆောင်ရွက်ပေးသွားရမည်

❖ မီးရထားခရီးစဉ်များကို နယ်မြေဒေသအခြေအနေများအလိုက် တိုးချဲ့ပြေးဆွဲပေးခြင်းဖြင့် အများပြည်သူများ၏ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုများကို အဆင်ပြေချောမွေ့အောင် စီမံဆောင်ရွက်ပေးနိုင်မည်

❖ ပြည်တွင်းစက်သုံးဆီ သုံးစွဲမှုကို အကောင်းဆုံး စီမံခန့်ခွဲနိုင်ရန်လိုပြီး အရန်စက်သုံးဆီများကို သိုလှောင်ထားရှိနိုင်ရန်နှင့် ချွေတာသုံးစွဲနိုင်ရေး ဆောင်ရွက်သွားကြရန်လို

❖ စက်သုံးဆီများကို အမှန်တကယ် အသုံးပြုသည့် ပြည်သူများလက်ဝယ်သို့ ရောက်ရှိစေရေးနှင့် မှောင်ခိုရောင်းဝယ်မှုများ မရှိစေရေး မသမာမှုပြုလုပ်ရောင်းဝယ်နေမှုများကို ထိထိရောက်ရောက် ဖော်ထုတ်အရေးယူဆောင်ရွက်သွားရန်လို၊ မိမိတို့နိုင်ငံနှင့် မိတ်ဖက်နိုင်ငံများမှ စက်သုံးဆီများဝယ်ယူရရှိနိုင်ရေး ချိတ်ဆက်ကြိုးပမ်းဆောင်ရွက်သွားရန်လို

❖ မြန်မာနှစ်သစ်ကူးအတာသင်္ကြန်ကာလအတွင်း စက်သုံးဆီသုံးစွဲမှု များပြားမှုမရှိစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများနှင့် မြို့နယ်များအလိုက် လမ်းလျှောက်သင်္ကြန်အဖြစ် နေရာများသတ်မှတ်၍ ကျင်းပပြုလုပ်သွားမည်ဆိုပါက ပိုမိုသင့်လျော်မည်

☆ ရှေ့ဖုံးမှ

အစည်းအဝေးသို့ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အမှာစကား ပြောကြားရာ၌ ယခုလက်ရှိအချိန်တွင် ဖြစ်ပွားလျက်ရှိသည့် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့်စက်သုံးဆီများရှားပါးမှုကို နိုင်ငံတိုင်းတွင် ကြုံတွေ့နေရပြီး မိမိတို့နိုင်ငံအနေဖြင့်လည်း အဆိုပါအခက်အခဲကို ကျော်လွှားဖြေရှင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ မကြာမီကာလအတွင်း မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် ကျင်းပချိန်သို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ ယခင်နှစ်ကလည်း မန္တလေးငလျင်ကြီး ဖြစ်ပေါ်ခဲ့မှုကြောင့် သင်္ကြန်ပွဲတော်ကို အကန့်အသတ်ဖြင့်သာကျင်းပရန် မေတ္တာရပ်ခံခဲ့ရကြောင်း၊ ယခုနှစ်တွင်လည်း စက်သုံးဆီကန့်သတ်ချက်များကြောင့် အတာသင်္ကြန်ပွဲတော် ကျင်းပမှုကို အကျပ်အတည်း မဖြစ်စေလိုကြောင်း။

ပြည်တွင်းစက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်ရန်အတွက် မကြာမီကာလက မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ သုံးစွဲမှုနှင့်ဆီဖြည့်သွင်းမှုကို စုံ/မ အလှည့်ကျစနစ်ဖြင့် ဆောင်ရွက်ခြင်း၊ QR Code များအသုံးပြု၍ ဆီဖြည့်ခြင်းစနစ်များကို ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အစိုးရရုံးဌာနများ၏ရုံးလုပ်ငန်းများကို နေအိမ်မှသာ ဆောင်ရွက်ကြရန် ထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း။

အရှေ့အလယ်ပိုင်း ဒေသတွင် ဖြစ်ပွားနေသည့် ပဋိပက္ခသည် အချိန်ကာလအားဖြင့် မည်မျှကြာမြင့်မည်ကို မိမိတို့အနေဖြင့် မသိရှိနိုင်ကြောင်း၊ ထို့ကြောင့် စက်သုံးဆီသုံးစွဲမှုများ လျှော့ချနိုင်ရေးနှင့် အများပြည်သူများ ခရီးသွားလာမှု အဆင်ပြေစေရေးအတွက် မီးရထားများ တိုးချဲ့ပြေးဆွဲခြင်းနှင့် အများပြည်သူသုံး ဘတ်စ်ကားလိုင်းများ ပုံမှန်အတိုင်း ပြေးဆွဲနိုင်ရေးအတွက် စဉ်းစား ဆောင်ရွက်သွားကြရန် လိုကြောင်း၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် ခရီးသွားလာမှုများ အဆင်ပြေချောမွေ့စေရေး တတ်နိုင်သမျှ ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက နိုင်ငံအတွင်းရောက်ရှိပြီးဖြစ်သည့် စက်သုံးဆီများ၏ လက်ကျန်အခြေအနေများ၊ ပြည်ပမှ ဆီတင်သင်္ဘောများ ထပ်မံရောက်ရှိမည့် အခြေအနေများ၊ ပြည်တွင်းစက်သုံးဆီ ရှားပါးမှုအခက်အခဲကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ပြည်ပနိုင်ငံများမှ စက်သုံးဆီများ ဝယ်ယူရရှိနိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပြည်တွင်းစက်သုံးဆီ သိုလှောင်နိုင်မှုအခြေအနေများ၊ စက်သုံးဆီများကို အမှန်တကယ်အသုံးပြုသည့် ပြည်သူများလက်ဝယ်သို့ စနစ်တကျဖြင့် ရောက်ရှိနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ အများပြည်သူများ ခရီးသွားလာမှုအဆင်ပြေစေရေး အတွက် မီးရထားခရီးစဉ်များ အလိုက် ခရီးစဉ်များ တိုးချဲ့ပြေးဆွဲခြင်းနှင့် ရထားစီးခရီးသည်များ ပိုမိုအဆင်ပြေစွာ စီးနင်းလိုက်ပါနိုင်ရေး တွဲပိုများချိတ်ဆက်ပြေးဆွဲခြင်းကို ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ ရန်ကုန်မြို့ပတ်ရထားခရီးစဉ်အား စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေး စက်ရုံ(နေပြည်တော်)မှ ထုတ်လုပ်ထားသည့် ဘက်ထရီလျှပ်စစ် စက်ခေါင်း အသုံးပြုပြေးဆွဲဆောင်ရွက်သွားမည့်အခြေအနေများ၊ ပြည်တွင်း လေယာဉ်ခရီးစဉ်များ ဆက်လက်ပြေးဆွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ စက်သုံးဆီသုံးစွဲမှု လျှော့ချနိုင်ရေးအတွက် ထုတ်ပြန်ထားသည့် ထုတ်ပြန်ချက်များအပေါ် စည်းကမ်းလိုက်နာမှု မရှိသည့် မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များအား ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ နှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိမှုအခြေအနေများ၊ မြန်မာရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်အား မြို့နယ်များအလိုက် လမ်းလျှောက်သင်္ကြန်ဖြင့် စနစ်တကျ ကျင်းပဆောင်ရွက်သွားရန် လျာထား ဆောင်ရွက်သွားမည့် အခြေအနေများ၊ သင်္ကြန်ပွဲတော်ကာလအတွင်း စက်သုံးဆီသုံးစွဲမှု များပြားမှု မရှိစေရေးအတွက် မော်တော်ယာဉ် သုံးစွဲမှုများကို စနစ်တကျဖြင့် သတ်မှတ်ဆောင်ရွက်သွားသင့်သည့် အခြေအနေများ၊ စက်သုံးဆီရောင်းဝယ်မှုများကို ထုတ်ပြန်ထားသည့် ထုတ်ပြန်ချက်များအပေါ် လိုက်နာမှုမရှိဘဲ ရောင်းဝယ်နေမှုများအား အရေးယူဆောင်ရွက်သွားရန် လိုအပ်မှုအခြေအနေများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များအား ဖော်ထုတ်အရေးယူဆောင်ရွက်သွားမည် ဆိုပါက ဆီသုံးစွဲမှုများကို ပိုမိုလျှော့ချသွားနိုင်မည့်အခြေအနေများ၊ စက်သုံးဆီများအား တရားမဝင်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နေရာဒေသများသို့ ရောက်ရှိမှု မရှိစေရေး စနစ်တကျဖြင့်ကြပ်မတ် ဆောင်ရွက်သွားရန်လိုအပ်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ပြည်တွင်းစက်သုံးဆီ သုံးစွဲမှုကို အကောင်းဆုံး စီမံခန့်ခွဲနိုင်ရန်လိုပြီး အရန်စက်သုံးဆီများကို သိုလှောင်ထားရှိနိုင်ရန်နှင့် ချွေတာသုံးစွဲနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စက်သုံးဆီများကို အမှန်တကယ် အသုံးပြုသည့် ပြည်သူများလက်ဝယ်သို့ ရောက်ရှိစေရေးနှင့် မှောင်ခိုရောင်းဝယ်မှုများ မရှိစေရေး မသမာမှုပြုလုပ်ရောင်းဝယ်နေမှုများကို ထိထိရောက်ရောက် ဖော်ထုတ် အရေးယူဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံနှင့် မိတ်ဖက်နိုင်ငံများမှ စက်သုံးဆီများဝယ်ယူရရှိနိုင်ရေး ချိတ်ဆက်ကြိုးပမ်း ဆောင်ရွက်သွားရန် လိုကြောင်း။

**တိုးချဲ့ပြေးဆွဲပေး**

မီးရထားခရီးစဉ်များ၊ အဝေးပြေးဘတ်စ်ကား ခရီးစဉ်များ အစရှိသည့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်စက်သုံးဆီများကို မဖြစ်မနေ ဖြည့်တင်းဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း၊ မီးရထားခရီးစဉ်များကို နယ်မြေဒေသ အခြေအနေများအလိုက် တိုးချဲ့ပြေးဆွဲပေးခြင်းဖြင့် အများပြည်သူများ၏ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုများကို အဆင်ပြေချောမွေ့အောင် စီမံဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း၊ ပူတာအို၊ ခန္တီး၊ မြစ်ကြီးနား၊ ဟုမ္မလင်း၊ တာချီလိတ်၊ ကလေး၊ စစ်တွေ၊ ကျောက်ဖြူ၊ မာန်အောင်၊ မြိတ်၊ ကော့သောင်း စသည့် မော်တော်ယာဉ်ဖြင့် သွားလာရန် ခက်ခဲသည့်မြို့များသို့ လေကြောင်းခရီးစဉ်များကို ဦးစားပေးအနေဖြင့် မဖြစ်မနေ ပြေးဆွဲပေးသွားရမည်ဖြစ်ကြောင်း၊ အလားတူ အခြားသွားလာရန် ခက်ခဲသည့်ဒေသများသို့လည်း ဒုတိယဦးစားပေးအနေဖြင့် ပြေးဆွဲပေးသွားရန်လိုကြောင်း၊ မြန်မာနှစ်သစ်ကူးအတာသင်္ကြန် ကာလအတွင်း စက်သုံးဆီသုံးစွဲမှု များပြားမှုမရှိစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများနှင့် မြို့နယ်များအလိုက် လမ်းလျှောက်သင်္ကြန် အဖြစ် နေရာများသတ်မှတ်၍ ကျင်းပပြုလုပ်သွားမည်ဆိုပါက ပိုမိုသင့်လျော်မည် ဖြစ်ကြောင်း၊ အများပြည်သူ မဖြစ်မနေအသုံးပြုလျက်ရှိသည့် အရေးပေါ်လူနာသယ်ပို့သည့်ယာဉ်များ၊ လူမှုကူညီရေးယာဉ်များအတွက် စက်သုံးဆီဝယ်ယူခွင့်အား ဖြေလျှော့ပေးရန် လိုကြောင်း ဖြည့်စွက်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် စက်သုံးဆီရှားပါးမှုကြောင့် သွားလာမှုများ ခက်ခဲပြီး ကုန်ဈေးနှုန်းများကြီးမြင့်လာနိုင်ကြောင်း၊ မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်သည် ပြည်သူများမျှော်လင့်ထားသည့် မြန်မာ့ရိုးရာပွဲတော်တစ်ခု ဖြစ်ခြင်းကြောင့် အများပြည်သူများ ပျော်ရွှင်စွာဖြင့် ရေသဘင်ဆင်နွှဲနိုင်ရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျ စီမံဆောင်ရွက်ပေးသွားကြရန် လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်တွင်းစက်သုံးဆီဖူလုံစွာ ရရှိစေရေး ဆောင်ရွက်ပေးရန်နှင့် ပြည်သူများအနေဖြင့် အကုန်အကျ အသက်သာဆုံးဖြင့် သုံးစွဲနိုင်ရေး ဆောင်ရွက်ပေးသွားကြရန် လိုကြောင်း၊ စက်သုံးဆီဈေးနှုန်းကြောင့် သွားလာမှုစရိတ်များ မြင့်မားလာမှုမရှိစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ တပ်မတော်အနေဖြင့်လည်း ပြည်သူများ သွားလာမှု အဆင်ပြေစေရေး အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ပြည်တွင်းစက်သုံးဆီဖူလုံမှုရှိစေရေးအတွက် နည်းလမ်းမျိုးစုံ အသုံးပြု၍ ဖြည့်ဆည်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) က စုပေါင်းသွေးလှူဒါန်းပွဲ ပြုလုပ်

နေပြည်တော် မတ် ၂၄

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) က စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၊ သွေးလှူဘဏ်၌ ကျင်းပရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သွေးအလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ သွေးအလှူရှင်များအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် သွေးအုပ်စုခွဲခြားခြင်းများ ဆောင်ရွက်ပေးသည်။ ထို့နောက် သွေးအလှူရှင်များက သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။ ထိုသို့သွေးလှူဒါန်းနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်**

ယင်းနောက် မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)၏ သွေးလှူဒါန်းမှုအပေါ် ဆေးရုံအုပ်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ

## ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီနှစ်ရပ်ဖွဲ့စည်းမှု အတည်ပြုပြီး ကော်မတီနှစ်ရပ်ထပ်မံဖွဲ့စည်းရေး လွှတ်တော်သို့ တင်ပြ



တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။

နေပြည်တော် မတ် ၂၄

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့ အစည်းအဝေးတွင် ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီ နှစ်ရပ်ဖွဲ့စည်းမှုကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ အတည်ပြုပြီး လွှတ်တော်အခွင့်အရေး ကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းရေး လွှတ်တော်သို့ တင်ပြသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး တတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၃၇၃ ဦးရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၃၇၁ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၄၆ ရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးတို့နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌအဖြစ် ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာ နန္ဒကျော်စွာ၊ အတွင်းရေးမှူးအဖြစ် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ဥပဒေကြမ်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့ငွေစာရင်းကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်းသည့် ရှင်းလင်း တင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌအဖြစ် အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးတေဇကျော်၊ အတွင်းရေးမှူးအဖြစ် အောင်လံမဲဆန္ဒနယ်မှ ဦးတင်အောင်ချစ် အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ် ဖွဲ့စည်းကြောင်းနှင့် ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေး ကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက လွှတ်တော်အခွင့်အရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေး ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည် ဖြစ်ကြောင်းနှင့် လွှတ်တော်အခွင့်အရေးကော်မတီ ဥက္ကဋ္ဌအဖြစ် တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်မောင်အုန်းနှင့် အတွင်းရေးမှူးအဖြစ် ထားဝယ်မဲဆန္ဒနယ်မှ ဒေါက်တာကျော်ကျော်ဌေးတို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည် ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌအဖြစ် ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးသန်းထွန်းဦးနှင့် အတွင်းရေးမှူးအဖြစ် ပုသိမ်မဲဆန္ဒနယ်မှ ဦးသန်းထွန်းတို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည် ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြသည်။

ယင်းနောက် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး တတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး စတုတ္ထနေ့ကို မတ် ၂၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။

### ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်များစာရင်း

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ဒဂုံမဲဆန္ဒနယ် | ဒေါက်တာ နန္ဒကျော်စွာ | ဥက္ကဋ္ဌ |
| ၂။ | သဃ်န်းကျွန်းမဲဆန္ဒနယ် | ဒေါ်သန်းသန်းအေး | အဖွဲ့ဝင် |
| ၃။ | ရေဦးမဲဆန္ဒနယ် | ဦးစိုးတင့်အောင် | အဖွဲ့ဝင် |
| ၄။ | နတ်တလင်းမဲဆန္ဒနယ် | ဦးတင့်လွင် | အဖွဲ့ဝင် |
| ၅။ | ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ် | ဒေါက်တာ ထွန်းထွန်းဝင်း | အဖွဲ့ဝင် |
| ၆။ | ရွှေတောင်မဲဆန္ဒနယ် | ဦးတင်ရွှေ | အဖွဲ့ဝင် |
| ၇။ | ကွမ်းခြံကုန်းမဲဆန္ဒနယ် | ဦးသန့်ဇော် | အဖွဲ့ဝင် |
| ၈။ | မိုင်းခတ်မဲဆန္ဒနယ် | စိုင်းဝန်းဆမ် | အဖွဲ့ဝင် |
| ၉။ | ကျုံပျော်မဲဆန္ဒနယ် | ဦးဇော်မင်း | အဖွဲ့ဝင် |
| ၁၀။ | ကြံခင်းမဲဆန္ဒနယ် | ဦးနိုင်မင်းဦး | အဖွဲ့ဝင် |
| ၁၁။ | တောင်ကြီးမဲဆန္ဒနယ် | နန်းကျင်း(ခ)နန်းစိန် | အဖွဲ့ဝင် |
| ၁၂။ | ဟုမ္မလင်းမဲဆန္ဒနယ် | ဦးနိုင်နိုင်ကျော် | အဖွဲ့ဝင် |
| ၁၃။ | တပ်မတော်သားကိုယ်စားလှယ် | ဗိုလ်မှူးချုပ် ဝင်းမြိုင် | အဖွဲ့ဝင် |
| ၁၄။ | တပ်မတော်သားကိုယ်စားလှယ် | ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း | အဖွဲ့ဝင် |
| ၁၅။ | အမရပူရမဲဆန္ဒနယ် | ဦးသိန်းထွန်းဦး | အတွင်းရေးမှူး |

### ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ အဖွဲ့ဝင်များစာရင်း

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | အောင်မြေသာစံမဲဆန္ဒနယ် | ဦးတေဇကျော် | ဥက္ကဋ္ဌ |
| ၂။ | မိုးကောင်းမဲဆန္ဒနယ် | ဦးထွန်းထွန်းအောင် | အဖွဲ့ဝင် |
| ၃။ | ကန့်ဘလူမဲဆန္ဒနယ် | ဦးမြတ်ကျော် | အဖွဲ့ဝင် |
| ၄။ | ဆင်ပေါင်ဝဲမဲဆန္ဒနယ် | ဦးတင့်ဆွေ | အဖွဲ့ဝင် |
| ၅။ | ကမာရွတ်မဲဆန္ဒနယ် | ဦးကိုကိုသင်း | အဖွဲ့ဝင် |
| ၆။ | ကန်ကြီးထောင့်မဲဆန္ဒနယ် | ဒေါ်ခင်စောမူ | အဖွဲ့ဝင် |
| ၇။ | ရမည်းသင်းမဲဆန္ဒနယ် | ဦးညွန့်ဆောင် | အဖွဲ့ဝင် |
| ၈။ | မော်လမြိုင်ကျွန်းမဲဆန္ဒနယ် | ဦးခင်မောင်ဝင်း | အဖွဲ့ဝင် |
| ၉။ | ရပ်စောက်မဲဆန္ဒနယ် | ဒေါက်တာ ပွင့်ဆန်း | အဖွဲ့ဝင် |
| ၁၀။ | လေးမျက်နှာမဲဆန္ဒနယ် | ဦးမြင့်စိုး | အဖွဲ့ဝင် |
| ၁၁။ | သံဖြူဇရပ်မဲဆန္ဒနယ် | ဦးသန်းရွှေ | အဖွဲ့ဝင် |
| ၁၂။ | ဆီဆိုင်မဲဆန္ဒနယ် | ခွန်လှသိန်း | အဖွဲ့ဝင် |
| ၁၃။ | တပ်မတော်သားကိုယ်စားလှယ် | ဗိုလ်မှူးချုပ် စိုးညွန့် | အဖွဲ့ဝင် |
| ၁၄။ | တပ်မတော်သားကိုယ်စားလှယ် | ဗိုလ်ကြီး ဒေါ်ယမင်းအောင် | အဖွဲ့ဝင် |
| ၁၅။ | အောင်လံမဲဆန္ဒနယ် | ဦးတင်အောင်ချစ် | အတွင်းရေးမှူး |

# တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

## ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့ ဖွဲ့စည်းတာဝန်ပေးအပ်



တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

နေပြည်တော် မတ် ၂၄

တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၁၃ ဦးစလုံး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းပြည့်ဖြစ်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ပေးအပ်ခံရသည့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်နွယ်နွယ်ဦးက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်နွယ်နွယ်ဦးနှင့် အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇင်မင်းထက်တို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ပေးအပ်ခံရသည့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းအောင်က ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးချစ်ဆွေနှင့် အတွင်းရေးမှူးအဖြစ် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်တို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း အမျိုးသား လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ပေးအပ်ခံရသည့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်တင်မြင့်က ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် Jeng Phang နော်တောင်နှင့် အတွင်းရေးမှူးအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်တင်မြင့်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည် ဖြစ်ကြောင်း အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ပေးအပ်ခံရသည့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှသိန်းက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှသိန်းနှင့် အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရန်နိုင်ဦးတို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး တတိယနေ့ကို မတ် ၂၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်


တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်လာကြသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအား တွေ့ရစဉ်။

# ၂၀၂၆ ခုနှစ် နေပြည်တော်လမ်းလျှောက်သင်္ကြန်အား နေပြည်တော်ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

နေပြည်တော် မတ် ၂၄

၂၀၂၆ ခုနှစ် နေပြည်တော်လမ်းလျှောက်သင်္ကြန်ကို နေပြည်တော်ရင်ပြင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယခုနှစ် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို နေပြည်တော်ရင်ပြင်၌ အစိုးရသစ်၏ ပထမဦးဆုံး နိုင်ငံတော်အဆင့်အခမ်းအနားအဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်ကျင်းပမည့်ပွဲတော်သည် သာမန်ပျော်ပွဲရွှင်ပွဲတစ်ခုထက်ပို၍ နိုင်ငံတော်အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့် ပြည်သူများ အတူပူးပေါင်းပြီး စိတ်သစ်၊ လူသစ် ၊ နိုင်ငံရေးအခင်းအကျင်းသစ်များဖြင့် အတူတကွ ဆင်နွှဲကြမည့် အနှစ်သာရရှိသည့် ပွဲတော်ကြီးတစ်ခုလည်း ဖြစ်ကြောင်း။

လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ဝန်ထမ်းများနှင့် ပြည်သူများ စိတ်အေးချမ်းသာ ပျော်ရွှင်စွာဆင်နွှဲ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကိုပါ သိရှိနိုင်စေရန်အတွက် သင်္ကြန်မဏ္ဍပ်ဇုန်များ၊ ဖျော်ဖြေရေးဇုန်များ၊ သနပ်ခါးသင်္ကြန်ဇုန်များအပြင် လက်ဖက်နှင့် ရိုးရာထမနဲ့ထိုး တည်ခင်းဧည့်ခံသည့် ပြကွက်များကိုလည်း ဇုန်များအလိုက် ထည့်သွင်း၍ ခမ်းနားစွာ ပြသသွားမည်ဖြစ်ကြောင်း၊ နိုင်ငံကျော်အဆိုတော်များ၏ ဖျော်ဖြေရေးအစီအစဉ်များအပြင် ရိုးရာအတာသင်္ကြန်ပွဲတော်ကို ပေါ်လွင်စေမည့် အစီအစဉ်ကောင်းများစွာလည်း ပါဝင်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန/ အဖွဲ့အစည်းများကလည်း အဆိုပါလမ်းလျှောက်သင်္ကြန်တွင် ပူးပေါင်းပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းတွင်လည်း အလားတူ လမ်းလျှောက်သင်္ကြန်ပွဲတော်များကို ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံကျော်အဆိုတော်များ၏ ဖျော်ဖြေရေးအစီအစဉ်များကို နေပြည်တော်အပါအဝင် နိုင်ငံတစ်ဝန်း၌ ထည့်သွင်းကျင်းပရာတွင် အနုပညာရှင်များ၏ သွားလာရေးအတွက် သီးခြားရထားလက်မှတ်များ စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မဲခေါင်-လန်ချန်းရွှေရောင်ဆယ်စုနှစ်နှင့် မြန်မာ-တရုတ်ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး

လူသားတို့၏ ယဉ်ကျေးသောအဖွဲ့အစည်း သမိုင်းအစကို မြစ်ဝှမ်းဒေသကြီးများက ဖန်တီးပေးခဲ့သည်။ ရေကြည်ရာ မြက်နုရာ လှည့်လည်သွားလာ ရှာဖွေစားသောက်နေထိုင်ခဲ့ကြသော ကမ္ဘာဦးလူသားတို့သည် စားရေရိက္ခာနှင့် သယ်ယူပို့ဆောင်သွားလာမှုလွယ်ကူသော မြစ်ဝှမ်းဒေသများတွင် အတည်တကျ အခြေချနေထိုင်လာကြရာမှ လူသားအချင်းချင်း သဟဇာတဖြစ်စေသော ယဉ်ကျေးသည့်လူ့အဖွဲ့အစည်းအဖြစ် ပြောင်းလဲဖြစ်ပေါ်ခဲ့ပါသည်။ မြစ်ဝှမ်းဒေသများတွင် လူသားနှင့် သဘာဝတရားအကြား အပြန်အလှန်ထိန်းကျောင်း ပူးပေါင်းဆောင်ရွက်မှုများက လူသားတို့၏သမိုင်းကြောင်းကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေခဲ့ပါသည်။

ကမ္ဘာပေါ်ရှိမြစ်ဝှမ်းဒေသ ယဉ်ကျေးမှုကြီးများအနက် အာရှဒေသရှိ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံများ မှီဝေအသုံးပြုနေသော မဲခေါင်မြစ်ဝှမ်း ယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုသည်လည်း သမိုင်းကောင်းနှင့် သမိုင်းကြောင်းရှည်လျားသည့် မြစ်ဝှမ်းဒေသတစ်ခုဖြစ်ပါသည်။ မြစ်ဝှမ်းများကို မှီခိုရပ်တည် အကျိုးခံစားနေရသော လူသားများ၊ နိုင်ငံများအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုနှင့် ဂေဟစနစ်ထိန်းသိမ်းရေးကို ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့ မဲခေါင်ဒေသ ခြောက်နိုင်ငံအကြီးအကဲများ၏ အမြော်အမြင်ကြီးမားမှုဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် ဆန်းယမြို့၌ ၂၀၁၆ ခုနှစ် မတ်လ ၂၃ ရက်တွင် ကျင်းပခဲ့သော ပထမအကြိမ် မဲခေါင်-လန်ချန်း ထိပ်သီးအစည်းအဝေးတွင် ဆန်းယကြေညာစာတမ်း (Sanya Declaration) ကိုထုတ်ပြန်၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို တရားဝင်စတင်ထူထောင်ခဲ့သည်မှာ ဆယ်နှစ်တိုင်ရှိခဲ့ပြီဖြစ်ပါသည်။

### မြစ်တစ်စင်းကို အခြေပြု မွေးဖွားလာသည့် မိတ်ဖက်ယန္တရား

ဆီးနှင်းများဖုံးလွှမ်းနေသော တိဗက်ကုန်းပြင်မြင့်မှ မြစ်ဖျားခံကာ စီးဆင်းလာသော မဲခေါင်မြစ် (တရုတ်အခေါ် လန်ချန်းမြစ်) သည် တရုတ်၊ မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံ ခြောက်နိုင်ငံကို ချိတ်ဆက်ပေးထားသကဲ့သို့ ထိုမြစ်ကိုအခြေခံ၍ ဖြစ်ပေါ်လာသော မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုယန္တရားသည်လည်း ဒေသတွင်း အရေးပါသည့် ယန္တရားတစ်ခုဖြစ်လာခဲ့ပါသည်။

ယနေ့ကမ္ဘာ့အခင်းအကျင်းတွင် ဒေသတွင်းနိုင်ငံများအကြား အပြန်အလှန်ချိတ်ဆက်မှုနှင့် ပေါင်းစည်းမှုအားမာန်တို့သည် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကသော့ချက်ဖြစ်လာသည်။ ထိုသို့သောအခင်းအကျင်းတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (Mekong-Lancang Cooperation-MLC)သည် အဖွဲ့ဝင်နိုင်ငံများအကြား ယုံကြည်မှု၊ အပြန်အလှန် အကျိုးတူဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုတို့ကို အခြေခံကာ ဆယ်စုနှစ်တစ်ခုအတွင်း သိသာထင်ရှားသော အောင်မြင်မှုများ ရရှိစေခဲ့ပြီး ဒေသတွင်းပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေး ရည်မှန်းချက်ကို အပြည့်အဝလွှမ်းခြုံပေးနိုင်ခဲ့သည်။ အထူးသဖြင့် မြန်မာနိုင်ငံအတွက်မူ ဤပူးပေါင်းဆောင်ရွက်မှုသည် တရုတ်နိုင်ငံနှင့် ရှိရင်းစွဲ **'ဆွေမျိုးပေါက်ဖော်'** ချစ်ကြည်ရေးကို အခြေခံကာ နှစ်နိုင်ငံအကြားရှိ သမိုင်းဝင်မိတ်ဖက်ဆက်ဆံရေးကို ခေတ်သစ်အခြေအနေများနှင့် လိုက်လျောညီထွေရှိစွာ တိုးမြှင့်တည်ဆောက်နိုင်ခဲ့သည်ကို ဂုဏ်ယူဖွယ် တွေ့မြင်ကြရမည်ဖြစ်ပါသည်။

### ဘုံမျှော်မှန်းချက်နှင့် ခိုင်မာသောအခြေခံမှုများ

အားလုံးမျှဝေခံစားနိုင်မည့် အနာဂတ်တစ်ခုကို အတူတကွ တည်ဆောက်ကြရန်ဟူသော ဘုံမျှော်မှန်းချက်ကို အခြေခံလျက် ဒေသတွင်းနိုင်ငံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်၊ ပြည်သူများ၏ သာယာဝပြောမှုကို မြှင့်တင်ပေးရန်၊ မဲခေါင်ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်လျှော့ချရန်၊ အာဆီယံအသိုက်အဝန်း တည်ထောင်ရေးကို အထောက်အကူပြုရန်၊ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို တိုးမြှင့်အကောင်အထည်ဖော်ရန်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။

ဘုံအနာဂတ်တစ်ခုဆီသို့ လျှောက်လှမ်းရာတွင် အဖွဲ့ဝင်နိုင်ငံများအကြား တူညီဆန္ဒ၊ ညီတူညီမျှရှိမှု၊ အပြန်အလှန်ညှိနှိုင်းဆောင်ရွက်မှု၊ မိမိဆန္ဒအလျောက် ပါဝင်ဆောင်ရွက်မှု၊ စုပေါင်းပါဝင်ဆောင်ရွက်မှု၊ အကျိုးအမြတ်များကို မျှဝေခံစားမှု၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာဥပဒေများကို လေးစားမှုစသော အခြေခံမှုများဖြင့် ထိန်းကျောင်းထားသည့်အတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ဒေသခွဲဆိုင်ရာပူးပေါင်းဆောင်ရွက်မှုယန္တရားများအနက် လက်တွေ့ကျပြီး ပူးပေါင်းဆောင်ရွက်မှု မြန်ဆန်အားကောင်းသည့် ယန္တရားတစ်ခုအဖြစ် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေခြင်းဖြစ်ပါသည်။

### ဆယ်စုနှစ်တာ အောင်မြင်မှုနှင့် အနာဂတ်အလားအလာကောင်းများ

> မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် အောင်မြင်ရေးအတွက် နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမှာ အပြန်အလှန်အထောက်အကူပြုလျက်ရှိပါသည်။ ဒေသတွင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနှင့် တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းသာယာဝပြောရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွဲခြား၍မရသော မိတ်ဖက်များအဖြစ် ဆက်လက်တည်ရှိနေမည်

ယခုဆိုလျှင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ပြည်သူလူထုပူးပေါင်းဆောင်ရွက်မှုမှ ထိပ်သီးအဆင့်အထိ အလွှာစုံပါဝင်ပြီး ဘက်စုံကဏ္ဍစုံ လွှမ်းခြုံသည့် ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုယန္တရားတစ်ခုအဖြစ် အခိုင်အမာရပ်တည်လျက် ဆယ်စုနှစ်သစ်တစ်ခုသို့ ကူးပြောင်းလာပြီဖြစ်ပါသည်။ ဆယ်စုနှစ်တာခရီးတစ်လျှောက် အဖွဲ့ဝင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုကို ထိန်းသိမ်းလျက် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည့် ပူးပေါင်းဆောင်ရွက်မှုများကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြသည့်အတွက် လက်ဆုပ်လက်ကိုင်ပြနိုင်သည့် ဖြစ်ပေါ်တိုးတက်မှုများကို ဖော်ဆောင်နိုင်ခဲ့ပြီး ဒေသတွင်းရှိ ပြည်သူလူထု၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် ရလဒ်ကောင်းများ ဖော်ဆောင်ပေးနိုင်ခဲ့ပြီဖြစ်ပါသည်။

အထူးသဖြင့် တရုတ်နိုင်ငံက ကမကထပြုသည့် လန်ချန်း-မဲခေါင် အထူးရန်ပုံငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ဖြင့် ပြည်သူကို ဦးတည်သည့် ဖွံ့ဖြိုးရေးစီမံကိန်းများကို ၂၀၁၇ ခုနှစ်မှစ၍ နှစ်စဉ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း အဖွဲ့ဝင်နိုင်ငံအားလုံးအတွက် စီမံကိန်းစုစုပေါင်း ၉၉၁ ခုကို အတည်ပြုပေးအပ်ခဲ့ပြီး မဲခေါင်မြစ်ဝှမ်းဒေသတစ်လျှောက် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးကူညီပေးနိုင်ခဲ့သည်ကို ဝမ်းမြောက်ဖွယ် တွေ့မြင်ကြရမည်ဖြစ်ပါသည်။

ထို့အပြင် ယနေ့ ကမ္ဘာ့စီးပွားရေးသည် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည့်အချိန်တွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုအတွက် မောင်းနှင်အားတစ်ခုအဖြစ် အင်အားဖြည့်တင်းပေးလျက်ရှိပါသည်။ တရုတ်နိုင်ငံသည် မဲခေါင်နိုင်ငံများ၏ အဓိကကုန်သွယ်ရေးမိတ်ဖက်အဖြစ် အခိုင်အမာရပ်တည်လျက်ရှိပြီး ၂၀၂၅ ခုနှစ် စာရင်းများအရ တရုတ်နှင့် မဲခေါင်နိုင်ငံများအကြား စုစုပေါင်း ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀၀ ကျော်အထိ စံချိန်တင်တိုးတက်ခဲ့သည်မှာ အားတက်စရာဖြစ်ပါသည်။

ဆယ်နှစ်တာခရီးလမ်းတစ်လျှောက် အောင်မြင်မှုများစွာရရှိခဲ့သကဲ့သို့ တစ်ဖက်တွင် MLC အနေဖြင့် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့ရပါသည်။ သို့ရာတွင် အဖွဲ့ဝင်နိုင်ငံများအကြား စည်းလုံးညီညွတ်မှုဖြင့် အခက်အခဲလှိုင်းတံပိုးများကို ကျော်လွှားနိုင်ခဲ့သည်မှာ MLC အတွက် ဂုဏ်ယူဖွယ်ရာ အောင်မြင်မှုတစ်ခုဖြစ်ပါသည်။ သာဓကအားဖြင့် COVID-19 ကပ်ရောဂါကာလအတွင်း ကမ္ဘာတစ်ဝန်း ခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုများ ရပ်တန့်သွားသည့်အတွက် ဒေသတွင်းကုန်သွယ်မှုအပေါ် ကြီးမားသည့် ရိုက်ခတ်မှုနှင့် ရင်ဆိုင်ရချိန်တွင် မဲခေါင်-လန်ချန်း နိုင်ငံများအကြား "Fast Track" နှင့် "Green Lane" အစီအစဉ်များကို အကောင်အထည်ဖော်ခဲ့ခြင်းဖြင့် ဒေသတွင်းစီးပွားရေးယိုင်နဲ့မသွားအောင် ထိန်းပေးနိုင်ခဲ့ပါသည်။ အလားတူ နည်းပညာတိုးတက်လာသည်နှင့်အမျှ အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးမှောင်ခိုကူးမှုစသည့် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများသည်လည်း ဒေသတွင်း တည်ငြိမ်ရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိရာမှာ "Operation SEAGULL" ကဲ့သို့သော ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် ရာဇဝတ်မှုများကို နှိမ်နင်းနိုင်ခဲ့ပြီး ဒေသတွင်း လုံခြုံရေးယန္တရားကို



**နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ**

ပိုမိုခိုင်မာစေခဲ့သည်။ "Operation SEAGULL"အပြင် "Safe Lancang-Mekong 2025" Joint Operation ကို ၂၆-၂-၂၀၂၅ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းအဖွဲ့ဝင်နိုင်ငံကောင်းတစ်နိုင်ငံ ပီသစွာဖြင့် အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

အမှန်စင်စစ် မိမိတို့ခြောက်နိုင်ငံသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဟူသော လှေကြီးတစ်စင်းထဲတွင် အတူတကွ လိုက်ပါစီးနင်းလျက် ဘုံအနာဂတ်တစ်ခုဆီသို့ ဦးတည်သည့်ခရီးကို အရောက်သွားနေကြသည့် 'တစ်လှေတည်းစီး တစ်ခရီးတည်းသွားဖော်များ'ပင်ဖြစ်ပါသည်။ တက်ညီလက်ညီဖြင့် တစ်ဦးကိုတစ်ဦး ဖေးမကူညီပြီး အတူတကွ လှော်ခတ်သွားကြမည်ဆိုလျှင် မည်သည့်အခက်အခဲကိုမဆို မယိမ်းမယိုင်ကျော်ဖြတ်နိုင်ပြီး မိမိတို့မျှော်မှန်းသည့်အနာဂတ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိနိုင်မည်မှာ မလွဲကေန်ဖြစ်ပါသည်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို အခြေခံအုတ်မြစ်မှသည် ပိုမိုကောင်းမွန်သည့် ဖွံ့ဖြိုးတိုးတက်မှုအဆင့် (Mekong-Lancang Cooperation 2.0 - MLC 2.0) သို့ တက်လှမ်းရာတွင် အဖွဲ့ဝင်နိုင်ငံများအကြား စည်းလုံးညီညွတ်မှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်အကျိုးဖြစ်ထွန်းမှုဖြင့် ပိုမိုကောင်းမွန်သော အနာဂတ်အသိုက်အဝန်းတစ်ရပ်ကို အတူတကွတည်ဆောက်သွားရန် သန္နိဋ္ဌာန်ကို မြဲမြံစွာဆုပ်ကိုင်လျက် ပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန်ကို မြှင့်တင်သွားကြမည်ဖြစ်ပြီး ရှိရင်းစွဲပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များဖြစ်သည့် တရားဥပဒေစိုးမိုးရေး၊ ပေါင်းစပ်ဆက်နွှယ်မှု၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ စိုက်ပျိုးရေး၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှု၊ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု စသည့်ကဏ္ဍများအပြင် ဉာဏ်ရည်တု နည်းပညာအခြေပြု ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်းသစ်တီထွင်မှု၊ သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားကြမည်ဖြစ်ပါသည်။

စာမျက်နှာ ၈ သို့ ☆

# (၁၀) နှစ်တာ လန်ချန်း-မဲခေါင် ကြိုးပမ်းအားထုတ်မှု၊ အေးအတူပူအမျှ အနာဂတ်ဆီသို့ လှမ်းချီစို့

လန်ချန်း-မဲခေါင် ခြောက်နိုင်ငံသည် တစ်မြစ်တွင်းရေအတူ သောက်သုံးကာ ဘ၀ကံကြမ္မာချင်း တစ်သားတည်း ချိတ်ဆက်နေကြပါသည်။ လွန်ခဲ့သော (၁၀) နှစ်တာကာလ၏ မတ်လ ၂၃ ရက်နေ့တွင် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုကို တရားဝင်စတင်ခဲ့ပြီး ဒေသတွင်းနိုင်ငံများ၏ စည်းလုံးညီညွတ်စွာ ကိုယ့်အားကိုယ်ကိုးခြင်းနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေသော ပူးပေါင်းဆောင်ရွက်မှုမျိုးစေ့များကို ချခဲ့ပါသည်။ တရုတ်နိုင်ငံ သမ္မတရှီကျင့်ဖျင်နှင့် မဲခေါင်နိုင်ငံ ခေါင်းဆောင်များ၏ ဦးဆောင်မှုအောက်တွင် ခြောက်နိုင်ငံသည် "တန်းတူရည်တူ ဆက်ဆံခြင်း၊ စိတ်ရင်းမှန်ဖြင့် အပြန်အလှန်ကူညီခြင်း၊ မိသားစုဝင်များကဲ့သို့ ရင်းနှီးခြင်း"ဆိုသည့် လန်ချန်း-မဲခေါင်ယဉ်ကျေးမှုကို လက်ကိုင်ထားပြီး "ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးခြင်း၊ တန်းတူညီမျှညှိနှိုင်းဆွေးနွေးခြင်း၊ လက်တွေ့ကျပြီး ထိရောက်ခြင်း၊ ပွင့်လင်းမြင်သာ၍ တံခါးဖွင့်လှစ်ပြီး အားလုံးပါဝင်နိုင်ခြင်း" ဆိုသည့် လန်ချန်း-မဲခေါင် စိတ်ဓာတ်ကို ကျင့်သုံးကာ "နေ့စဉ်တိုးတက်မှုများရှိနေခြင်း၊ လစဉ် ရလဒ်များ ထွက်ပေါ်ခြင်း၊ နှစ်စဉ် အဆင့်သစ်သို့ တက်လှမ်းခြင်း"ဟူသော လန်ချန်း-မဲခေါင် အရှိန်အဟုန်ကို ဖော်ဆောင်နိုင်ခဲ့ပါသည်။ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုသည် မျိုးစေ့လေးတစ်ခုမှသည် သစ်ပင်ကြီးတစ်ပင်အဖြစ်သို့ ရှင်သန်ကြီးထွားလာခဲ့ပြီး လူသားမျိုးနွယ် အေးအတူပူအမျှ အသိုက်အ၀န်းတည်ဆောက်ရာတွင် စံနမူနာကောင်းတစ်ခု ဖြစ်လာခဲ့ပါသည်။

ဤ (၁၀)နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင်နိုင်ငံများ၏ ကံကြမ္မာချိတ်ဆက်မှုသည် ပိုမိုခိုင်မြဲလာခဲ့ပါသည်။ ရာစုနှစ်အတွင်း မကြုံစဖူး အပြောင်းအလဲများကြားတွင် ခြောက်နိုင်ငံသည် လက်တွဲလျှောက်လှမ်းကာ နှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အ၀န်း တည်ဆောက်ရေးကို ဘက်ပေါင်းစုံတွင် အကောင်အထည်ဖော်နိုင်ခဲ့ပြီး ဒုက္ခသုခ အတူမျှဝေကာ အပြန်အလှန် စောင့်ရှောက်ကူညီကြသည့် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနှင့် မိတ်ဖက်ကောင်းများဖြစ်လာခဲ့ကြပါသည်။

ဤ (၁၀)နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုမောင်းနှင်အားမှာ ပိုမိုအားကောင်းလာခဲ့ပါသည်။ တရုတ်နိုင်ငံနှင့် မဲခေါင်မြစ်ဝှမ်းနိုင်ငံ ငါးနိုင်ငံတို့၏ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀၀ ကျော်လွန်ခဲ့ပြီး လွန်ခဲ့သော (၁၀) နှစ်ကထက် ၁၅၀ ရာခိုင်နှုန်း တိုးတက်လာခဲ့ပါသည်။ ခြောက်နိုင်ငံမှ ဌာနအသီးသီးနှင့် ဒေသအသီးသီးတို့၏ ကြိုးပမ်းအားထုတ်မှုဖြင့် များပြားလှသည့် ပူးပေါင်းဆောင်ရွက်မှုရလဒ်ကောင်းများကို ရရှိခဲ့သည်။

ဤ (၁၀)နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင်နိုင်ငံများ၏ လုံခြုံရေးအတားအဆီးမှာ ပိုမိုခိုင်မာလာခဲ့ပါသည်။ ခြောက်နိုင်ငံသည် "ဘေးကင်းလုံခြုံသော လန်ချန်း-မဲခေါင်လှုပ်ရှားမှု" ကို တွန်းအားပေးကာ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် လျှော့ချရေး၊ ပြည်သူ့ကျန်းမာရေးစသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ဒေသတွင်းပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးကို ထိရောက်စွာ ကာကွယ်ပေးခဲ့ပါသည်။ တရုတ်နိုင်ငံသည် မြစ်အောက်ပိုင်းနိုင်ငံများသို့ လန်ချန်းမြစ်၏ ဇလဗေဒဆိုင်ရာ အချက်အလက်များကိုမျှဝေပေးပြီး မြစ်ဝှမ်းနိုင်ငံများအား ရေကြီးရေလျှံမှုနှင့် မိုးခေါင်ရေရှားမှုအန္တရာယ်များကို ကာကွယ်ဖြေရှင်းနိုင်ရန် ပံ့ပိုးကူညီပေးခဲ့ပါသည်။

ဤ (၁၀) နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင်နိုင်ငံများ၏ လူမှုယဉ်ကျေးမှုဖလှယ်မှုမှာ ပိုမိုနက်ရှိုင်းလာခဲ့ပါသည်။ "လန်ချန်း-မဲခေါင် ဗီဇာ" ကို စတင်ကျင့်သုံးနိုင်ခဲ့ပြီး "LMC Harvest"၊ "လန်ချန်း-မဲခေါင် စမ်းရေချိုလှုပ်ရှားမှု (Operation Sweet Spring)" စသည့် "သေးငယ်ပြီးကောင်းမွန်သည့်" ပြည်သူ့အကျိုးပြုစီမံကိန်းများမှာ သိသာထင်ရှားသော အောင်မြင်မှုများရရှိခဲ့ပါသည်။ ခြောက်နိုင်ငံမှ ပြည်သူများသည် အပြန်အလှန် လည်ပတ်ကြကာ ရင်းနှီးမှုပိုမိုရရှိလာပြီး ယဉ်ကျေးမှု အပြန်အလှန်လေ့လာသင်ယူမှုနှင့် ပြည်သူချင်း စိတ်ချင်းဆက်နွယ်မှု၏ ပေါင်းကူးတံတားမှာ ပိုမိုခိုင်မာလာခဲ့ပါသည်။

လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု (၁၀) နှစ်တာအတွင်း ထွန်းကားလာရခြင်း၏ အဓိကသော့ချက်မှာ အချက် (၃) ချက်အပေါ် ဦးလည်မသုန်

> (၁၀) နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင်နိုင်ငံများ၏ ကံကြမ္မာချိတ်ဆက်မှုသည် ပိုမိုခိုင်မြဲလာခဲ့ပါသည်။ ရာစုနှစ်အတွင်း မကြုံစဖူး အပြောင်းအလဲများကြားတွင် ခြောက်နိုင်ငံသည် လက်တွဲလျှောက်လှမ်းကာ နှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အ၀န်း တည်ဆောက်ရေးကို ဘက်ပေါင်းစုံတွင် အကောင်အထည်ဖော်နိုင်ခဲ့ပြီး ဒုက္ခသုခ အတူမျှဝေကာ အပြန်အလှန် စောင့်ရှောက်ကူညီကြသည့် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနှင့် မိတ်ဖက်ကောင်းများဖြစ်လာခဲ့ကြ

ရပ်တည်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ ပထမအချက်မှာ အိမ်နီးချင်းကောင်းပီသမှုနှင့် ဘုံကံကြမ္မာတစ်ခုဖြစ်မှုကို အမြဲဦးစားပေးခြင်း၊ ဒုတိယအချက်မှာ ဖွံ့ဖြိုးတိုးတက်မှုကို အဓိကထားပြီး ပြည်သူများအတွက် အကျိုးကျေးဇူးများ ဖော်ဆောင်ပေးခြင်း၊ တတိယအချက်မှာ တီထွင်ဆန်းသစ်မှုဖြင့် ရှေ့ဆောင်လမ်းပြ ဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။

လက်ရှိ ကမ္ဘာကြီးတွင် မတည်ငြိမ်မှုများ၊ ဗိုလ်ကျစိုးမိုးရေးဝါဒ (Hegemonism) နှင့် အင်အားကြီးနိုင်ငံရေး (Power politics) များကြောင့် လက်ရှိနိုင်ငံတကာစည်းမျဉ်းအပေါ် ပြင်းထန်သော သက်ရောက်မှုများရှိနေပါသည်။ မကြာသေးမီက တရုတ်နိုင်ငံ၏ "Two Sessions အစည်းအဝေး"ကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီး "၁၅ ကြိမ်မြောက် ငါးနှစ်စီမံကိန်း"ကိုလည်း စတင်ခဲ့ကာ ဒေသတွင်းအတွက် တည်ငြိမ်မှုကို ဆောင်ကြဉ်းပေးခဲ့ပါသည်။ ကျွန်တော်တို့သည် မဟာဗျူဟာမြောက် ချိတ်ဆက်မှုများကို အားကောင်းအောင်ဆောင်ရွက်ပြီး "လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု ၂.၀ ဗားရှင်း"ကို အတူတကွဖော်ဆောင်ကာ ဒေသတွင်း ရေရှည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေပြီး ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအတွက် "လန်ချန်း-မဲခေါင် စံနမူနာ"ကို ထူထောင်သွားရပါမည်။

ကျွန်တော်တို့သည် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သည့် လန်ချန်း-မဲခေါင်ကို တည်ဆောက်ကာ ငြိမ်းချမ်းမှု ပူးပေါင်းဆောင်ရွက်မှု၊ ပွင့်လင်းမြင်သာ၍ တံခါးဖွင့်လှစ်မှုနှင့် အားလုံးပါဝင်နိုင်မှုဟူသော အာရုတန်ဖိုးအမြင်များကို မြှင့်တင်ပြီး လန်ချန်း-မဲခေါင် နိုင်ငံတကာ အတွင်းရေးမှူးဌာနတည်ထောင်မှုကို အရှိန်မြှင့်ကာ လန်ချန်း-မဲခေါင်နိုင်ငံများ၏ အေးအတူပူအမျှ အသိုက်အ၀န်း တည်ဆောက်ရေးအတွက် အင်အားသစ်များ ပံ့ပိုးဖြည့်ဆည်းပေးရပါမည်။

ကျွန်တော်တို့သည် ပွင့်လင်းမြင်သာ၍ တံခါးဖွင့်လှစ်သော နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေသည့် လန်ချန်း-မဲခေါင်ကို တည်ဆောက်ကာ အခြေခံအဆောက်အအုံ ချိတ်ဆက်မှုများကို ဘက်စုံတွန်းအားပေးပြီး "နိုင်ငံအများအပြားတွင် စက်မှုဇုန်အများအပြား" ပူးပေါင်းဆောင်ရွက်မှု ပုံစံကိုဖော်ဆောင်ကာ "အပြည်ပြည်ဆိုင်ရာ ကုန်းလမ်းနှင့် ရေလမ်းကုန်သွယ်ရေးလမ်းကြောင်းသစ် (New International Land-Sea Trade Corridor)" ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေပြီး လန်ချန်း-မဲခေါင် မြစ်ဝှမ်းဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဇုန်ကို အတူတကွ တည်ဆောက်ရပါမည်။

ကျွန်တော်တို့သည် စိမ်းလန်းစိုပြည်၍ တီထွင်ဆန်းသစ်သည့် လန်ချန်း-မဲခေါင်ကို တည်ဆောက်ကာ လန်ချန်း-မဲခေါင် ဆန်းသစ်တီထွင်မှုစင်္ကြံ တည်ဆောက်ရေးကို နက်ရှိုင်းစေပြီး ဒစ်ဂျစ်တယ် စီးပွားရေး၊ ဉာဏ်ရည်တု (Artificial Intelligence-AI)၊ သိပ္ပံနှင့် နည်းပညာဆန်းသစ်တီထွင်မှု၊ ဂေဟစနစ်စီမံခန့်ခွဲမှု စသည့်ပူးပေါင်းဆောင်ရွက်မှုများကို တွန်းအားပေးကာ စွမ်းအင်သစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ပြီး ဒေသတွင်း စိမ်းလန်းစိုပြည်၍ တန်ဖိုးရှိသော ကွင်းဆက်များနှင့် စိမ်းလန်းသော စက်မှုလုပ်ငန်းစုများကို တည်ဆောက်ရပါမည်။

ကျွန်တော်တို့သည် ယဉ်ကျေးမှုအပြန်အလှန် လေ့လာသင်ယူသည့် လန်ချန်း-မဲခေါင်ကို တည်ဆောက်ကာ လန်ချန်း-မဲခေါင် ခရီးသွားမြို့တော်များ ပူးပေါင်းဆောင်ရွက်ရေး မဟာမိတ်အဖွဲ့ အစည်းတည်ထောင်မှုကို အရှိန်အဟုန်မြှင့်တင်ပြီး မီဒီယာနှင့် တတ်သိပညာရှင် (Think Tank) များ ပူးပေါင်းဆောင်ရွက်မှုကို စဉ်ဆက်မပြတ် နက်ရှိုင်းစေကာ လန်ချန်း-မဲခေါင် ရန်ပုံငွေ၏ အကျိုးကျေးဇူးများကိုချဲ့ထွင်ပြီး ခြောက်နိုင်ငံမှ



တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr.Wang Yi

ပြည်သူများနှင့် လူငယ်များ အပြန်အလှန် ကူးလူးဆက်ဆံမှုကိုတိုးမြှင့်၍ လန်ချန်း-မဲခေါင် ချစ်ကြည်ရေးကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းသွားရပါမည်။

ကျွန်တော်တို့သည် ငြိမ်းချမ်းပြီး အေးချမ်းသာယာသည့် လန်ချန်း-မဲခေါင်ကို တည်ဆောက်ကာ မြစ်ဝှမ်းတစ်ခုလုံး စီမံခန့်ခွဲမှုပူးပေါင်းဆောင်ရွက်မှုကို အားကောင်းအောင် ဆောင်ရွက်ပြီး မြစ်အထက်ပိုင်းနှင့် အောက်ပိုင်း ဇလဗေဒအချက်အလက်များကိုမျှဝေကာ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုစသည့် နယ်စပ်ဖြတ်ကျော်ရာဇ၀တ်မှုများကို တိုက်ဖျက်ရာတွင် အရှိန်အဟုန်မြှင့်တင်ပြီး "ဘေးကင်းလုံခြုံသော လန်ချန်း-မဲခေါင်လှုပ်ရှားမှု" နှင့် မဲခေါင်မြစ် ပူးတွဲကင်းလှည့်မှုများကို ကောင်းမွန်စွာ ဆောင်ရွက်ကာ အေးအတူပူအမျှ အသိုက်အ၀န်း တည်ဆောက်ရေးအတွက် လုံခြုံသောပတ်ဝန်းကျင်ကို ဖော်ဆောင်ရပါမည်။

လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု စတင်တည်ထောင်စဉ်ကပင် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုသည် "လေထဲတိုက်အိမ်ဆောက်ခြင်း (Talking-Shop)" မဟုတ်ဘဲ လက်တွေ့ကျကျ ဆောင်ရွက်သည့် "တွန်းအားပေးသည့် ယန္တရား"ကဲ့သို့ဖြစ်ရမည်ဟု ကျွန်တော်တို့ သဘောတူခဲ့ကြပါသည်။ ပြည်သူကို ဗဟိုပြုပြီး ခြောက်နိုင်ငံမှ ပြည်သူများ၏ သုခချမ်းသာကို ဖော်ဆောင်ပေးရပါမည်။ အစပျိုးမှုမှတ်တိုင်အသစ်တစ်ခုတွင် တရုတ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ခင်ရင်းနှီးခြင်း၊ ရိုးသားစွာဆက်ဆံခြင်း၊ အပြန်အလှန်အကျိုးဖြစ်ထွန်းခြင်း၊ အားလုံးပါဝင်ခြင်းဟူသော သံတမန်ဆက်ဆံရေးမူဝါဒကို ဆက်လက်ကိုင်စွဲထားပြီး မဲခေါင်မြစ်ဝှမ်း ငါးနိုင်ငံနှင့်အတူ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၏ သစ်လွင်သော "ရွှေရောင် (၁၀) နှစ်"ကို အတူတကွ အစပြုဖွင့်လှစ်ကာ ငြိမ်းချမ်းသော၊ အေးချမ်းသော၊ သာယာဝပြောသော၊ လှပသော၊ ချစ်ကြည်ရင်းနှီးသော လန်ချန်း-မဲခေါင် အိမ်ဂေဟာကို လက်တွဲတည်ဆောက်ပြီး ဒေသတွင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လန်ချန်း-မဲခေါင်၏ အကျိုးပြုဆောင်ရွက်မှုများ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပါသည်။

☆ စာမျက်နှာ ၆ မှ

### မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံ၏အခန်းကဏ္ဍ

အမှန်မှာမူ မဲခေါင်-လန်ချန်းဆိုသည်မှာ မြစ်တစ်စင်းတည်းသာဖြစ်ပြီး မြစ်အထက်ပိုင်းဖြစ်သည့် တရုတ်ဘက်အခြမ်းကို 'လန်ချန်း'ဟု ခေါ်ပြီး မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်တို့ကို ဖြတ်သန်းသည့် မြစ်အောက်ပိုင်းကို 'မဲခေါင်'ဟု ခေါ်ဆိုကြခြင်းဖြစ်ပါသည်။ မဲခေါင်မြစ်၏ စုစုပေါင်းအရှည်သည် ၄၃၅၀ ကီလိုမီတာခန့်ရှိရာ မြန်မာနှင့် ထိစပ်နေသောအပိုင်းမှာ ၂၃၄ ကီလိုမီတာခန့်၊ ရာခိုင်နှုန်းအားဖြင့် မြစ်ဝှမ်းတစ်ခုလုံးဧရိယာ၏ သုံးရာခိုင်နှုန်းသာ ပိုင်ဆိုင်ထားပါသည်။ ပိုင်ဆိုင်မှုဧရိယာနည်းပါးသော်လည်း မြန်မာနိုင်ငံသည် မဲခေါင်မြစ်အထက်ပိုင်းနှင့် အောက်ပိုင်းကို ဆက်သွယ်ပေးသည့် မဟာဗျူဟာမြောက်နေရာတွင်ရှိနေခြင်း၊ မြန်မာ-လာအို-ထိုင်း ရွှေတြိဂံဒေသ၏ အချက်အချာဖြစ်ခြင်းတို့ကြောင့် မြန်မာနိုင်ငံသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် အရေးပါသည့်နိုင်ငံ ဖြစ်ပါသည်။

ဤဆယ်နှစ်တာခရီးတွင် မြန်မာနိုင်ငံအနေဖြင့် တာဝန်သိ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ သိသာထင်ရှားသည့် သမိုင်းမှတ်တိုင်တစ်ခုအနေဖြင့် မြန်မာနိုင်ငံသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ပူးတွဲဥက္ကဋ္ဌတာဝန်ကို တရုတ်နိုင်ငံနှင့်အတူ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ်အထိ ထမ်းဆောင်ခဲ့ပြီး နိုင်ငံရေးနှင့် လုံခြုံရေး၊ စီးပွားရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံရေးဟူသော မဏ္ဍိုင်ကြီး (၃) ရပ်နှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ဘုံမျှော်မှန်းချက်နှင့် အခြေခံမူများကိုအခြေခံကာ ဒေသတွင်းပေါင်းစည်းရေး၊ သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုတိုက်ဖျက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှု၊ ဆန်းသစ်တီထွင်မှု၊ သိပ္ပံနှင့်နည်းပညာစသည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အလေးထား ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် စတုတ္ထအကြိမ်မြောက် မဲခေါင်-လန်ချန်း နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးနှင့် (၇)ကြိမ်မြောက် မဲခေါင်-လန်ချန်း နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတို့ကို အိမ်ရှင်အဖြစ်လည်းကောင်း၊ (၆)ကြိမ်မြောက်နှင့် (၈)ကြိမ်မြောက် မဲခေါင်-လန်ချန်း နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတို့ကို ပူးတွဲဥက္ကဋ္ဌ တရုတ်နိုင်ငံနှင့် ပူးပေါင်း၍လည်းကောင်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အပြင် နေပြည်တော်ကြေညာချက်နှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစီမံချက် (၂၀၂၃-၂၀၂၇) တို့ကို အတည်ပြုနိုင်ခဲ့ပြီး မဲခေါင်-လန်ချန်း ဆန်းသစ်တီထွင်မှုစင်္ကြံ (MLC innovation corridor) ဆိုင်ရာ အစည်းအဝေးယန္တရား တည်ထောင်ရန်အတွက်လည်း အဖွဲ့ဝင်နိုင်ငံများအကြား တူညီဆန္ဒကို ဖော်ဆောင်ပေးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို အလေးအနက်ထားပြီး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယခု ၂၀၂၆ ခုနှစ်တွင်ကျရောက်သော မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆောင်းပါးများနှင့် ဂုဏ်ပြုကြိုဆိုသည့် စာသားကြော်ငြာတို့ကို နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြခြင်း၊ ဗီဒီယိုမှတ်တမ်းများ ထုတ်လွှင့်ပြသခြင်းနှင့် ၂၀၂၆ ခုနှစ် မတ်လ ၅ ရက်တွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ "မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် လန်ချန်း-မဲခေါင် အထူးရန်ပုံငွေဖြင့် စီမံကိန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ခဲ့သည့် မှတ်တမ်းဓာတ်ပုံပြပွဲ"တို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ သံတမန်များနှင့်အတူ ပူးပေါင်း၍ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

#### အပြန်အလှန်အကျိုးပြုနေသော မြန်မာ-တရုတ်ဆက်ဆံရေးနှင့် MLC

၁၉၅၀ ပြည့်နှစ်တွင် စတင်ခဲ့သည့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးသည် ၂၀၂၅ ခုနှစ်တွင် (၇၅) နှစ်ပြည့် စိန်ရတုကာလကို ဖြတ်ကျော်ခဲ့ပြီးဖြစ်သလို ၂၀၁၁ ခုနှစ်တွင် ဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးအဖြစ်သို့ တိုးမြှင့်ခဲ့ပါသည်။ နှစ်နိုင်ငံခေါင်းဆောင်အဆက်ဆက်၏ အမြော်အမြင်ကြီးမားမှု၊ ပထဝီဝင်အနေအထားအရ အိမ်နီးချင်းကောင်းများဖြစ်မှုနှင့် ယဉ်ကျေးမှုချင်းနီးစပ်မှု၊ ဆွေမျိုးပေါက်ဖော်စိတ်ဓာတ်နှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကိုအခြေခံမှု စသည့်အချက်များကြောင့် နှစ်နိုင်ငံအကြား ကာလရှည်ကြာစွာ တည်ရှိခဲ့သည့် ထိုဆက်ဆံရေးသည် ယနေ့တိုင် ခိုင်မြဲနေသည့် ထူးခြားသော သံတမန်ဆက်ဆံရေးပုံစံဖြစ်ပါသည်။

မြန်မာ-တရုတ် ဆက်ဆံရေးနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် အားဖြည့်ပေးလျက်ရှိသည်ဟုဆိုလျှင် မှားနိုင်မည်မဟုတ်ပေ။ နှစ်နိုင်ငံအကြား ယုံကြည်မှုနှင့် ကောင်းမွန်သည့်ဆက်ဆံရေးမှ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအတွက် နိုင်ငံရေးအရ ခိုင်မာသည့်အုတ်မြစ်ကို ပံ့ပိုးပေးသကဲ့သို့ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုမှ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်လာစေပြီး ဘုံရည်မှန်းချက်များကို စုပေါင်းအင်အားဖြင့် ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအောက်မှ အထူးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့်စီမံကိန်းများသည် ပြည်သူလူထု၏ လူမှုစီးပွားဘဝအပေါ် တိုက်ရိုက်သက်ရောက်မှုရှိသော စီမံကိန်းများဖြစ်ရာ မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုကို တစ်တပ်တစ်အား အထောက်အကူပြုလျက်ရှိပါသည်။ မြန်မာနိုင်ငံသည် မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများအနက် စီမံကိန်းအများဆုံးရရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၁၇ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ လန်ချန်း-မဲခေါင်အထူးရန်ပုံငွေဖြင့် စီမံကိန်း ၁၃၂ ခု စုစုပေါင်းတန်ဖိုးအမေရိကန် ဒေါ်လာ ၃၈ ဒသမ ၆ သန်းကျော် ရရှိအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာနိုင်ငံရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ၊ အသေးစားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစသည့်နယ်ပယ်များတွင် သိသာသည့်အကျိုးကျေးဇူးများ ရရှိစေခဲ့ပါသည်။

#### ဆယ်စုမှသည် ရာစုဆီသို့

အချုပ်အားဖြင့်ဆိုရသော် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် တရုတ်နိုင်ငံနှင့် ဒေသတွင်းနိုင်ငံများအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးကို အရှိန်အဟုန်မြှင့်တင်ပေးလျက်ရှိပါသည်။ ထို့ပြင် ဒေသတွင်းနိုင်ငံများနှင့် တရုတ်နိုင်ငံတို့အတွက် နှစ်နိုင်ငံ ခိုင်မာသည့်ဆက်ဆံရေးနှင့် နီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ပိုမိုအားကောင်းစေသည့် အစီအမံတစ်ရပ်ဖြစ်ပါသည်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အခွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် အောင်မြင်ရေးအတွက် နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမှာ အပြန်အလှန် အထောက်အကူပြုလျက်ရှိပါသည်။ ဒေသတွင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနှင့် တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းသာယာဝပြောရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွဲခြား၍မရသော မိတ်ဖက်များအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ စိတ်ရင်းစေတနာမှန်ကို အခြေခံသည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ကုန်လွန်ခဲ့ပြီဖြစ်သော ရွှေရောင်လွှမ်းသည့် ဆယ်စုနှစ်မှသည် အနာဂတ်ရာစုနှစ်တိုင် ဆက်လက်တည်ရှိနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းကြရန် တိုက်တွန်းလျက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၁၀) နှစ်ပြည့် အထိမ်းအမှတ်ကာလကို ဂုဏ်ပြုမှတ်တမ်းတင် ဖော်ပြအပ်ပါသည်။ ။

## မဲခေါင် - လန်ချန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၄) အစီအစဉ်ဖြင့် ခွာနာလျှာနာရောဂါအား Molecular နှင့် Serology နည်းပညာများဖြင့် စစ်ဆေးခြင်းဆိုင်ရာသင်တန်းဖွင့်



နေပြည်တော် မတ် ၂၄

မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၄) အစီအစဉ်ဖြင့် ကျင်းပသည့် ခွာနာလျှာနာရောဂါအား Molecular နှင့် Serology နည်းပညာများဖြင့် စစ်ဆေးခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် ရွှေမြို့ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ဗီဇလုံခြုံမှုအဆင့် (၂) BSL-2 ဓာတ်ခွဲခန်း၌ ကျင်းပသည်။

ခွာနာလျှာနာ ရောဂါသည် ကျေးလက်နေ တောင်သူများ၏ မိသားစုဝင်ငွေကို ထိခိုက်စေရုံတင်မကဘဲ နိုင်ငံတကာ ကုန်သွယ်မှုများကို ဟန့်တားစေပြီး စားရေရိက္ခာဖူလုံမှုကိုပါ ခြိမ်းခြောက်နေခြင်း၊ တိုက်ဖျက်ရန် ခေတ်မီအဆောက်အအုံများ ရှိရုံနှင့် လုံလောက်မှုမရှိခြင်း၊ ပိုမိုထက်မြက်သည့် ပညာရှင်များနှင့် ပိုမိုတိကျသော ရောဂါရှာဖွေရေးကျွမ်းကျင်မှုများ လိုအပ်ခြင်း၊ အဆင့်မြင့် ရောဂါရှာဖွေမှုကို ကျွမ်းကျင်စေရန် ခွာနာလျှာနာရောဂါကို ရိုးရိုးစစ်ဆေးမှုအဆင့်မှသည် တိကျမှုမြင့်မားသည့် မော်လီကျူးလာနှင့် သွေးရည်ကြည် (Molecular and Serological) စစ်ဆေးမှုများသို့ ကူးပြောင်းနိုင်ရန်၊ ဒေသတွင်း စံလုပ်ထုံးလုပ်နည်းများကို တညီတညွတ်တည်းဖြစ်စေရန်၊ ဓာတ်ခွဲခန်းမှ ထွက်ပေါ်လာသည့် ရလဒ်များသည် မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံအားလုံးက လက်ခံသည့် နိုင်ငံတကာ စံနှုန်းများနှင့်ကိုက်ညီစေရန်၊ ရောဂါကြိုတင်သတိပေးစနစ်ကို အားကောင်းစေရန် ဝန်ထမ်းများအနေနှင့် FMD မျိုးဗီဇအမျိုးအစားများကို လျင်မြန်စွာ ခွဲခြားနိုင်ခြင်းအားဖြင့် ရောဂါပြန့်ပွားမှုကို အချိန်မီတားဆီးနိုင်ပြီး တိရစ္ဆာန်ပေါင်းများစွာ ကူးစက်ခံရခြင်းမှ ကာကွယ်ပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါသင်တန်းတွင် တရုတ်နိုင်ငံမှ ဖိတ်ကြားထားသည့် တိရစ္ဆာန်ရောဂါ စစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဓာတ်ခွဲခန်းနည်းပညာရှင်များ စုပေါင်းပြီး အဆင့်မြှင့်တင်ထားသော စမ်းသပ်နည်းသစ်များ (Molecular and Serology) ကို လက်တွေ့ အသုံးပြုပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို သင်တန်းသား ၁၀ ဦးဖြင့် မတ် ၂၄ ရက်မှ ၂၈ ရက်အထိ ငါးရက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## မြန်မာ့ကော်ဖီခင်းပုံ (၂၀၀ ကျပ်တန်) အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုး ရောင်းချမည်

နေပြည်တော် မတ် ၂၄

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်သည့် မြန်မာ့ကော်ဖီကို ဂုဏ်ပြုသောအားဖြင့် **မြန်မာ့ကော်ဖီခင်းပုံ (၂၀၀ ကျပ်တန်) အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးအား ၂၀၂၆ ခုနှစ် မတ် ၂၇ ရက် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တန်ခူးလဆန်း ၁၀ ရက် (သောကြာနေ့) နံနက် ၉ နာရီခွဲမှစတင်၍** နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၆ ခုနှစ် မတ် ၂၇ ရက် (သောကြာနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (Firstday Cover) များပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု ကော့ရားကျေးရွာအနီး၌ ခန့်မှန်းငွေကျပ် ၂၀ ဒသမ ၂ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ



တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု ကော့ရားကျေးရွာအနီး၌ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသည့်နေရာပြပုံ။

နေပြည်တော် မတ် ၂၄

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေပြီး လူသားမျိုးနွယ်တစ်ခုလုံးကို လူညွန့်တုံးပျက်စီးစေသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို နိုင်ငံအတွင်းရှိ ရနိုင်သမျှသော စွမ်းအားစု၊ အရင်းအမြစ်များအသုံးပြုပြီး ပြည်သူလူထုနှင့်ပူးပေါင်း၍ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်းပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့ ညနေ ၃ နာရီခန့်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၏ အနောက်မြောက်ဘက် မီတာ ၂၈၅၀၀ ခန့်အကွာ မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု ကော့ရားကျေးရွာ၏အနောက်မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာသို့ အရောက်၌ မသင်္ကာဖွယ်တဲများအား တွေ့ရှိသဖြင့် ဝင်ရောက်ရှာဖွေစစ်ဆေးရာ အလျား ပေ ၁၀၀၊ အနံ ပေ ၃၀ ရှိမူးယစ်ဆေးဝါးချက်လုပ်/ ထုပ်ပိုးသည့် မိုးကာတဲကြီး နှစ်လုံး၊ အလျား ပေ ၅၀၊ အနံ ပေ ၃၀ ရှိ ထမင်းစားဆောင်မိုးကာတဲ တစ်လုံးနှင့် လူနေမိုးကာတဲ တစ်လုံး၊ ၁၀ ပေပတ်လည် လူနေမိုးကာတဲ သုံးလုံး၊ အလျား ၁၀ ပေ၊ အနံ ၁၅ ပေရှိ မိုးကာတဲသုံးလုံးတို့ကို တွေ့ရှိရပြီး ၎င်းတို့အတွင်းမှ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများဖြစ်သော ၁၉ လုံးကျ ရိုက်စက်နှင့် အင်ဂျင်အသေးတွဲလျက်ပါ လေးလုံး၊ WY စိတ်ကြွရူးသွပ်ဆေးပြား ၆၉ သိန်းပြား၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေ ၂၀ ကီလိုဂရမ်စီပါ ခြောက်အိတ်၊ ပန်းရောင် စိတ်ကြွဆေးမှုန့် ၂၀ ကီလိုဂရမ်စီပါ ၁၅ အိတ်၊ အိုက်စ် ၁ ကီလို ဂရမ်စီပါ ၄၉ ထုပ်၊ ကဖင်း ၁၅ ကီလိုဂရမ်စီပါ ၄၆ အိတ်၊ ကဖင်း ၂၀ ကီလိုဂရမ်စီပါ အိတ် ၇၀၊ အခြောက်ခံစတီးဗန်း ၁၆ ဗန်း၊ မူးယစ်ဆေးဝါးမွှေစက်နှင့် အင်ဂျင်အသေးတွဲလျက်ပါ တစ်လုံး၊ ဂတ်စ်အိုး ၃၂ လုံး၊ မီးစက်အကြီး တစ်လုံး၊ မျောက်ခေါင်းတံဆိပ်အနံ့ဆေးရည် အလုံး ၂၀ စီပါ ၁၂ ဖာ၊ Promethazine တံဆိပ်ပါချောင်းဆိုးပျောက်ဆေး အလုံး ၂၅၀၊ ဗင်နီလင်း ၄၀ ကီလိုဂရမ်စီပါ လေးအိတ်၊ ကြယ်တံဆိပ် Food Colour ဘူးသေး ၅၀၊ ကီလိုချိန်စက်အကြီး နှစ်ခု၊ စိတ်ကြွဆေးပြားများထည့်သည့် ပလတ်စတစ်ကပ်ခွာအိတ်ငယ်ပါ ဆာလာအိတ် သုံးအိတ်၊ မှိုင်းကိုင်စက္ကူပါဆာလာအိတ် သုံးအိတ်၊ ဆေးပြားရိုက်မှိုတံဆိပ်မပါ ၂၀၃ ချောင်း၊ WY တံဆိပ်ပါဆေးပြား ရိုက်မှို ၂၀၄ ချောင်းနှင့် Starlink Gen 3 တစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။



တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု ကော့ရားကျေးရွာအနီးတွင် သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးအခြောက်ခံဗန်း ၁၆ ဗန်းအား တွေ့မြင်ရစဉ်။



တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု ကော့ရားကျေးရွာအနီးတွင် သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးရိုက်စက်အား တွေ့မြင်ရစဉ်။



တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု ကော့ရားကျေးရွာအနီးတွင် သိမ်းဆည်းရမိသည့် ပန်းရောင်စိတ်ကြွဆေးမှုန့်များအား တွေ့မြင်ရစဉ်။

အဆိုပါ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၂ ဘီလီယံခန့်) နှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ပညာရှင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် အသေးစိတ်ဆက်လက်စစ်ဆေး၍ သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းအပ်နှံခြင်း၊ စနစ်တကျ မီးရှို့ဖောက်ခွဲဖျက်ဆီးခြင်းများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါဒေသတစ်ဝိုက်အားလည်း မသင်္ကာဖွယ် မူးယစ်ဆေးဝါးချက်လုပ်သည့် နေရာများရှိနိုင်သေးသဖြင့် နယ်မြေဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်) ကျေးရွာအုပ်စု ကော့ရားကျေးရွာအနီးတွင် သိမ်းဆည်းရမိသည့် ဂတ်စ်အိုးများအား တွေ့မြင်ရစဉ်။



တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု ကော့ရားကျေးရွာအနီးတွင် သိမ်းဆည်းရမိသည့် 11 တံဆိပ်ပါ စိတ်ကြွရူးသွပ်ဆေးပြားအထုပ်ငယ်များအား တွေ့မြင်ရစဉ်။



တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု ကော့ရားကျေးရွာအနီးတွင် သိမ်းဆည်းရမိသည့် အဖြူရောင်ကဖင်းအမှုန့်များအား တွေ့မြင်ရစဉ်။

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တောင်ကိုရီးယားနိုင်ငံသားတစ်ဦး မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် မတ် ၂၄

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့သည့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦးအား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေး တံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေး အတွက် မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး စံရွှေနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ တောင်ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ Counsellor Mr. Wuchan Rhee နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မတ်လ ၂၄ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၁၆ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၃၃၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ကာ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၈၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

---

❖ စာမျက်နှာ ၂၄ မှ

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသည့် DPLA အဖွဲ့ဝင် အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး တစ်ဦး၊ KNDF အဖွဲ့ဝင် အမျိုးသား ငါးဦး၊ PNLO အဖွဲ့ဝင် အမျိုးသား ၁၄ ဦးနှင့် သတ်ုံ PDF အမည်ခံအဖွဲ့ဝင် အမျိုးသား တစ်ဦး စုစုပေါင်း အမျိုးသား ၂၆ ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကား ပြောကြားပြီး တာဝန်ရှိသူတစ်ဦးက နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး ဆိုင်ရာ ပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် M-16 တစ်လက်၊ M-22 နှစ်လက်၊ စနိုက်ပါ တစ်လက်၊ AK- 47 တစ်လက်၊ Type-81 သုံးလက်၊ ပစ္စတို နှစ်လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပစ္စတိုနှစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၄၀၊ မောင်းပြန်ရိုင်ဖယ် ရှစ်လက်အတွက် ငွေကျပ်သိန်း ၄၀၀၊ အလင်း ဝင်ရောက်လာသူများအတွက် ငွေကျပ် ၄၉ သိန်း စုစုပေါင်းငွေကျပ် ၄၈၉ သိန်းကို ပေးအပ်ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေး ပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေး ခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အနေအစား ဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်း မရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာတပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

၁။ ကျွန်တော် ကတော့ အကြမ်းဖက် DPLA အဖွဲ့ကနေ မှားခဲ့တာတွေ မှားခဲ့ပြီဖြစ်တဲ့ အတွက် အမှားတွေကို အမှန်ပြင်ဖို့ အတွက် အလင်းလာဝင်ရောက်တာဖြစ်ပါတယ်။ အလင်းလာဝင်ရောက်တဲ့ အချိန်မှာလည်း






တပ်မတော်မှ တာဝန်ရှိသူတွေက ကျွန်တော်တို့ကို မိသားစုသဖွယ် ညီအစ်ကို မောင်နှမ အရင်းအချာလိုမျိုး ပြောဆိုဆက်ဆံတဲ့ အတွက် ကျွန်တော်တို့ ဝမ်းသာကျေနပ်ပါတယ်လို့ ပြောချင်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော့် အနေနဲ့အလင်းဝင်ဖို့ ဆုံးဖြတ်ချက်ချလိုက်တာ မှန်ကန်တယ်လို့ မြင်မိပါတယ်။ ဒါကြောင့်မို့ ကျန်ခဲ့တဲ့ တောထဲမှာရှိနေတဲ့ ကျွန်တော့်ရဲ့ သူငယ်ချင်းတွေ ရဲဘော်တွေကိုလည်း တော်လှန်ရေးလုပ်ပြီးတော့ ဘာကို တော်လှန်လို့ တော်လှန်နေမှန်းမသိဘဲနဲ့ အမိပွာယ်မဲ့ အသက်တွေစတေးမယ့် အတူတူတော့ ကျွန်တော်တို့လိုမျိုးပဲ မိသားစုလည်း စုံစုံလင်လင် နွေးနွေးထွေးထွေးပြန်နေရအောင်လို့၊ ဘဝကို အေးအေးဆေးဆေး ဖြတ်သန်းရအောင်လို့ တပ်မတော်နဲ့ လက်တွဲပြီးတော့ အလင်းလာဝင်ရောက်ဖို့အတွက် ဖိတ်ခေါ် တိုက်တွန်းချင်ပါတယ်။

၂။ ကျွန်တော်ကတော့ သတုံ အကြမ်းဖက် PDF အဖွဲ့က အလင်းဝင်ရောက်လာသူ ဖြစ်ပါတယ်။ ဒီ ၂၀၂၅ ဩဂုတ်လမှာ ကျွန်တော် ထွက်ပြေးလာခဲ့ပြီး တောင်ကြီးမှာရှိတဲ့ ကျွန်တော့်ရဲ့ အစ်ကိုတစ်ယောက်ဆီကို တိမ်းရှောင်ပြီးတော့ ဒီကတပ်မတော်မှာ ရှိတဲ့ အရာရှိတွေကို ကျွန်တော်လှမ်းပြီး ဆက်သွယ်တယ်။ ကျွန်တော် လှမ်းပြီး ဆက်သွယ်တဲ့အခါမှာလည်း ဆရာတို့က ကျွန်တော့်ကို ညီအစ်ကို မောင်နှမလို၊ မိသားစုလို ဆက်ဆံတယ်။ ကျွန်တော့်ကို ဖိတ်ခေါ်ခဲ့တယ်။ မိသားစုနဲ့ ပြန်လည်တွေ့ဖို့ ကျွန်တော့်ကို လုပ်ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်တယ်။ ကျွန်တော့်လိုပဲ အမြင်မှန်ရပြီးတော့ အလင်းဝင်လာဖို့အတွက် ကျွန်တော်ဖိတ်ခေါ်ချင်ပါတယ်။

သတင်းစဉ်

---



## ယခုနှစ် ဆောင်းရာသီစိုက်ပျိုးသော ပန်းနှမ်းစိုက်ဧကအားလုံး ရိတ်သိမ်းပြီးစီး တင်း ၆၈၈၂၉ ထွက်ရှိ

ကျွန်းလှ မတ် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းရာသီစိုက်ပျိုးသော ပန်းနှမ်းစိုက်ဧကအားလုံး ရိတ်သိမ်းပြီး တင်း ၆၈၈၂၉ ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်း ၅၃၁၅ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် ၁၂ ဒသမ ၉၅ တင်း ထွက်ရှိကြောင်း၊ ပန်းနှမ်းစိုက်ပျိုးသည့်တောင်သူများအား စိုက်နည်းစနစ်မှန်ကန်ရေး ပညာပေးခြင်း၊ ရိတ်သိမ်းချိန်လွန်နည်းပညာနှင့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောကြားသည်။

(ဓဝံ)

ကျွန်းလှမြို့နယ်တွင် ချောင်းရေ၊ မြောင်းရေ၊ မြေအောက်ရေ တင်ပြီး ဆီထွက်သီးနှံမျိုးစုံကို ရာသီအလိုက်စိုက်ပျိုးကြကြောင်း ယခုနှစ် ဆောင်းရာသီ၌ မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာနှင့် မုန်ညင်း စေ့သီးနှံ စုစုပေါင်း ၃၅၂၈၀ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(မျိုးဝင်းညို)

ဝ-ဝ-ဝ-ဝ-ဝ




## ၂၀၂၆ခုနှစ်အတွင်း ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်များတွင် နိုင်ပွဲမရသေးသည့် မှတ်တမ်းဆိုးတစ်ရပ် စပါးအသင်းပိုင်ဆိုင်



**လန်ဒန် မတ် ၂၄**

စပါးအသင်းသည် ၂၀၂၆ ခုနှစ်အတွင်း ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်များတွင် နိုင်ပွဲမရရှိသေးသည့် တစ်သင်းတည်းသော အသင်းအဖြစ် မှတ်တမ်းဆိုးတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

စပါးအသင်းသည် ၂၀၂၆ ခုနှစ်အတွင်း ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ် ၁၃ပွဲတွင် ငါးပွဲသရေ၊ ရှစ်ပွဲအထိ ရှုံးနိမ့်ထားပြီး နိုင်ပွဲတစ်ပွဲမှ မရရှိသေးပေ။

ယခုလိုရလဒ်များအလွန်ဆိုးရွားနေမှုကြောင့် စပါးအသင်းပရိသတ်များကလည်း နည်းပြတူဒေါ်အား ရာထူးမှ ထုတ်ပယ်ပေးရန် တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသည်။ (ဝဲပုံ)

စပါးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၃၁ ပွဲယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၃၀ ဖြင့် အဆင့်(၁၇)နေရာတွင် ရပ်တည်နေပြီး တန်းဆင်းဇုန်မှ ဝက်စ်ဟမ်းအသင်းနှင့် ရမှတ်တစ်မှတ်သာ ကွာဟလျက်ရှိသည်။ (NGB)

## ဂရစ်ဇ်မန်းကို ခေါ်ယူရန် အော်လန်ဒိုစီးတီးအသင်း သဘောတူညီမှုရရှိပြီဟု သတင်းများထွက်ပေါ်



**လန်ဒန် မတ် ၂၄**

မေဂျာလိဂ်ကလပ် အော်လန်ဒိုစီးတီးအသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းတိုက်စစ်မှူး ဂရစ်ဇ်မန်းကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

အဆိုပါ တိုက်စစ်မှူးသည် အော်လန်ဒိုစီးတီးအသင်းနှင့်အတူ နှစ်နှစ်စာချုပ် ချုပ်ဆိုသွားမည်ဖြစ်ပြီး ၄င်းနှစ်သက်သည့် ကျောနံပါတ်(၇)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်ကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၉၅ ပွဲကစားပြီး ဂိုး ၇၀ အထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း တိုက်စစ်မှူး ဂရစ်ဇ်မန်းကို အော်လန်ဒိုစီးတီးအသင်း ကစားသမားသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ဝဲပုံ) (NGB)

## မက်စ်ဆန့်စ်လာခရိုက်စ် ပြင်သစ်လက်ရွေးစင်အသင်းတွင် ပထမဆုံးအကြိမ်အဖြစ် ရွေးချယ်ခြင်းခံရ

**ပါရီ မတ် ၂၄**

ခရစ္စတယ်ပဲလေ့စ်အသင်း နောက်ခံကစားသမား မက်စ်ဆန့်စ်လာခရိုက်စ်သည် နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် အင်္ဂလန်လက်ရွေးစင်အသင်းတွင် ပထမဆုံးအကြိမ်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။

အဆိုပါ နောက်ခံကစားသမားသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၃ပွဲကစားပြီး သုံးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပြင်သစ်လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ မက်စ်ဆန့်စ်လာခရိုက်စ်က "ကျွန်တော် လက်ရွေးစင်အသင်းမှာ ရွေးချယ်ခြင်းခံရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ လက်ရွေးစင်အသင်းနဲ့အတူ အောင်မြင်မှုတွေ ရရှိအောင်လည်း အစွမ်းကုန် ကြိုးစားပေးသွားမှာပါ"ဟု ပြောသည်။



(အပေါ်ပုံ) (NGB)

## နည်းပြ အယ်လ်မီဒါကို နည်းပြရာထူးမှ ဆီဗီလာအသင်း ထုတ်ပယ်

**မက်ဒရစ် မတ် ၂၄**

ဆီဗီလာအသင်းသည် အသင်းနည်းပြ အယ်လ်မီဒါကို



နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

ဆီဗီလာအသင်းသည် ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါပွဲစဉ် (၂၉)ပွဲကစားအပြီးတွင် ရမှတ် ၃၁ မှတ်ဖြင့် အဆင့် (၁၅) နေရာတွင် ရပ်တည်နေပြီး ရလဒ်များအလွန်ဆိုးရွားခြင်းကြောင့် နည်းပြ အယ်လ်မီဒါကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ အယ်လ်မီဒါသည် ဆီဗီလာအသင်းကို ၂၀၂၅ ခုနှစ်၊ ဇွန် ၁၆ ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၃၂ပွဲတွင် ၁၀ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ၁၅ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

ဆီဗီလာအသင်း၏ ထုတ်ပြန်ချက်တွင် "နည်းပြ အယ်လ်မီဒါကို ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးကို အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။ (ဝဲပုံ) (NGB)

## ဂရီမာလ်ဒိုကို ခေါ်ယူရန် ဘာစီလိုနာအသင်း စီစဉ်

**ဘာစီလိုနာ မတ် ၂၄**

ဘာစီလိုနာအသင်းသည် လေဗာကူဆင်အသင်း နောက်ခံကစားသမား ဂရီမာလ်ဒိုကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၀)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လေဗာကူဆင်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၇ ပွဲကစားပြီး ၂၈ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

နောက်ခံကစားသမား ဂရီမာလ်ဒိုကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် လေဗာကူဆင်အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်နေသည်။

ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် လေဗာကူဆင်အသင်းထံမှ ဂရီမာလ်ဒိုအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။




(အပေါ်ပုံ) (NGB)

## မက်ဂွိုင်းယား မန်ယူအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်

**လန်ဒန် မတ် ၂၄**

နောက်ခံကစားသမား မက်



ဂွိုင်းယားသည် မန်ယူအသင်းနှင့်အတူ သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။ (ဝဲပုံ)

အသက်(၃၃)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် အဲဗာတန်၊ ဆန်းဒါးလန်း၊ ဝက်စ်ဟမ်း စသည့် ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် မန်ယူအသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် အလျင်အမြန်စီစဉ်လာခြင်းဖြစ်သည်။

နောက်ခံကစားသမား မက်ဂွိုင်းယားသည် မန်ယူအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၆၆ ပွဲကစားပြီး ၁၇ ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

မန်ယူအသင်း၏ ထုတ်ပြန်ချက်တွင် "မက်ဂွိုင်းယားကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမှာပါ။ သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။(NGB)

## ဘောလုံးသတင်းအတိုအထွာများ

* အာဆင်နယ်အသင်း နောက်ခံကစားသမား ဘန်ဝိုက်သည် ၂၀၂၂ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အင်္ဂလန်လက်ရွေးစင်အသင်းတွင် ပြန်လည်ရွေးချယ်ခြင်းခံခဲ့ရသည်။

* ရီးရဲလ်မက်ဒရစ်အသင်း နည်းပြဟောင်း ဇီဒန်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် ပြင်သစ်လက်ရွေးစင်အသင်းကို ကိုင်တွယ်ရန် နှုတ်အားဖြင့် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* နယူးကာဆယ်အသင်းသည် လာမည့်နွေရာသီဈေးကွက်အတွင်းတွင် အသင်းကွင်းလယ်ကစားသမား ဂွီမာရေ့စ်ကို ရောင်းချသွားမည်ဖြစ်သည်။ (NGB)

## 2026 Miami Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Coco Gauff တက်ရောက်

**မိုင်ယာမီ မတ် ၂၄**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Miami Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ အိမ်ရှင်အမေရိကန်တင်းနစ်မယ် Coco Gauff တက်ရောက်ခဲ့သည်။

အဆိုပါ အမေရိကန်တင်းနစ်မယ် Coco Gauff သည် 2026 Miami Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ရိုမေးနီးယားတင်းနစ်မယ် Sorana Cirstea အား ၆-၄၊ ၃-၆၊ ၆-၂ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ (အပေါ်ယာပုံ)

2026 Miami Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်မယ် Coco Gauff နှင့် ရိုမေးနီးယားတင်းနစ်မယ် Sorana Cirstea တို့ ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ (NGB)



## ဒီမီထရီပါယက်စ် ဘောလုံးကစားသမားဘဝမှ အနားယူ

**ပါရီ မတ် ၂၄**

မာဆေးလ်အသင်းနှင့် ဝက်စ်ဟမ်း ကွင်းလယ်ကစားသမားဟောင်း ဒီမီထရီပါယက်စ်သည် ဘောလုံးကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် မာဆေးလ်၊ ဝက်စ်ဟမ်း၊ လိုင်လီ၊ နန့်တက်စ် စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင်လည်း ပါဝင်ကစားပြီး အောင်မြင်မှုများ ရယူနိုင်ခဲ့သလို နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် ပြင်သစ်လက်ရွေးစင်အသင်းနှင့်လည်း ပြိုင်ပွဲ ၃၈ ပွဲအထိ ကစားကာ ရှစ်ဂိုး သွင်းယူထားနိုင်ခဲ့သည်။


အသက်(၃၈)နှစ်အရွယ်ရှိ ဒီမီထရီပါယက်စ်က "ကျွန်တော် ဘောလုံးကစားသမားဘဝမှ အနားယူပါပြီ။ ဘောလုံးကစားခဲ့တဲ့အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တစ်ဦးတစ်ယောက်ချင်းစီကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(အောက်ပုံ) (NGB)



# (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်ဆေးတပ်ရင်း၌ စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနား ကျင်းပ






**မန္တလေး မတ် ၂၄**

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်ဆေးတပ်ရင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းစစ်ဌာနချုပ်မှအရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မန္တလေးတိုင်းဒေသကြီးမြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စေတနာရှင်သွေးအလှူရှင်ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက စေတနာရှင်သွေးလှူရှင် ၂၁၁ ဦးတို့အား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် သွေးအုပ်စုခွဲခြားခြင်းများ ဆောင်ရွက်ပေးနေမှုများနှင့်သွေးလှူဒါန်းနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းမှူးက သွေးအိတ်များကို မန္တလေးပြည်သူ့ဆေးရုံအုပ်ကြီးထံသို့ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## သမဝါယမလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**မကွေး မတ် ၂၄**

သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး ညွှန်ကြားရေးမှူး ဦးမျိုးအောင်သည် မကွေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဇော်ထွန်းနှင့်တာဝန်ရှိသူများ လိုက်ပါ၍ မတ် ၂၁ ရက်က မကွေးမြို့၊ မြို့နယ်သမဝါယမအသင်းစုဆီစက်နှင့် မကွေးမြို့နယ်ရှားပင်လှ ကျေးရွာရှိ မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ပိုင် ဥစားကြက်မွေးမြူရေးလုပ်ငန်းနှင့် သမဝါယမထုတ်ကုန်အရောင်းဆိုင်တို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ထို့နောက် ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် မကွေးမြို့နယ် ရှားပင်လှကျေးရွာရှိ သမဝါယမအသင်းစုချုပ်ပိုင် ရွှေတင့်တူး စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း သမဝါယမအသင်းစုချုပ်နှင့် သမဝါယမအသင်းများမှ ဒေသအတွင်း စားသုံးရန်လိုအပ်မှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနေသည့် ကြက်မွေးမြူရေးခြံသို့ ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ ရှင်းလင်းဆွေးနွေးတင်ပြခဲ့မှုအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ မကွေးမြို့နယ် သန်းတောကုန်းကျေးရွာရှိ မကွေးမြို့နယ်သမဝါယမအသင်းစုဆီစက်သို့ရောက်ရှိပြီး တာဝန်ရှိသူများက ဆီစက်လည်ပတ်မှု အခြေအနေ ကုန်ကြမ်းရရှိမှုနှင့်ကုန်ချောထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးနှင့်အဖွဲ့က ဆီစက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လုံလောက်သည့် ကုန်ကြမ်းသိုလှောင်နိုင်ရေးနှင့်လိုအပ်သည့်စက်များ ဝယ်ယူဆောင်ရွက်ရန် မှာကြားခဲ့ကာ မကွေးမြို့ပေါ်ရှိ သမဝါယမထုတ်ကုန်အရောင်းဆိုင်အား ကြည့်ရှုစစ်ဆေး၍ သမဝါယမအသင်းအချင်းချင်း ကွန်ရက်ချိတ်ဆက်ရောင်းချနိုင်ရေး ဆောင်ရွက်ရန် ဆွေးနွေးအကြံပြုခဲ့သည်။

ဆက်လက်ပြီး မတ် ၂၂ ရက် နံနက်ပိုင်းတွင် ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် မြို့သစ်မြို့နယ် ယင်းနားကုန်း စိုက်/ထွေသမဝါယမအသင်းသားတောင်သူများ၏ သက်တံ့ရောင်စီမံကိန်းဖြင့် နှမ်းစပါးစိုက်ဧက ၁၈၉ ဧကတွင် တစ်ဧကလျှင် ၃၀၄၅၀၀ ကျပ်တန်ဖိုးရှိသော သွင်းအားစုများ ပံ့ပိုးပေးထားသည့် နှမ်းစပါး (အောင်နိုင်တိုး)စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ရွှေဖြိုးသာစိုက်၊ ထွေသမဝါယမအသင်း၏ တန် ၃၀ ကျ ဆန်စက်လည်ပတ်နေမှုအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**(မောင်နိုင်မင်းပြန်/ဆက်)**



## (၈၁)နှစ်မြောက် တပ်မတော်နေ့ အကြိုအထိမ်းအမှတ် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်

**ပြင်ဦးလွင် မတ် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်တွင် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၈၁)နှစ်မြောက် တပ်မတော်နေ့အကြို အထိမ်းအမှတ်အဖြစ် ယနေ့မွန်းလွဲ ၁ နာရီက ပြင်ဦးလွင်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် နွေရာသီသင်တန်း တက်ရောက်နေသော သင်တန်းသား၊ သင်တန်းသူများအား (၈၁)နှစ်မြောက်တပ်မတော်နေ့ အကြိုအထိမ်းအမှတ်လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**



အဆိုပါလက်ကမ်းစာစောင်တွင် (၈၁)နှစ်မြောက်တပ်မတော်နေ့ ဦးတည်ချက်များ၊ ခိုင်ကျည်ရဲဝံ့စွန့်စားသည့် သန္နိဋ္ဌာန်စိတ်ထားဖြင့် ထာဝစဉ်ရှင်သန်ရပ်တည်၊ တပ်မတော်၏ စွမ်းရည်သုံးရပ်၊ တပ်မတော်အဆင့်ဆင့် ပြောင်းလဲဖွဲ့စည်းပုံ၊ တပ်မတော်သည် အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်၊ အားသစ်စေကြောင်း ပြည့်သားကောင်း၊ မဆုတ်မနစ်တဲ့ဖွဲ့လုံ့လနဲ့ ကျေပွန်အောင်ထမ်းဆောင် စသည့် အကြောင်းအရာများပါဝင်သည့် လက်ကမ်းစာစောင်များကို ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံချစ်စိတ်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန် ရည်ရွယ်၍ ပြင်ဦးလွင်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သွေးသွေး(ပြန်/ဆက်)**

## ကျေးရွာအုပ်စုများသို့ ယူရီးယားဓာတ်မြေဩဇာစုပေါင်းရောင်းချပွဲပြုလုပ်

**သာစည် မတ် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နွေသီးနှံ(နွေစပါးနှင့်မိုးကြိုဝါ) စိုက်ပျိုးထားသော ကျေးရွာအုပ်စုများသို့ ယူရီးယားဓာတ်မြေဩဇာစုပေါင်းရောင်းချပွဲကို ယနေ့နံနက် ၉ နာရီခွဲက အဆိုပါဦးစီးဌာန၌ ပြုလုပ်သည်။

စုပေါင်းရောင်းချပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ဌေးဌေးက ရောင်းချပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်ကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များက နွေစပါးနှင့် မိုးကြိုဝါစိုက်ပျိုးထားသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများအား ယူရီးယားဓာတ်မြေဩဇာများ ရောင်းချပေးခဲ့သည်။ ယူရီးယားဓာတ်မြေဩဇာများကို မကျီးကန်၊ အောင်သာ၊ ရွာမွန်သာ၊ ဇီးပင်ပေါက်၊ ဘိုကုန်း၊ မင်းလှ၊ နှမ်းကန်၊ အိုင်ဒွန်း၊ သာဂရနှင့် ကုက္ကိုစုကျေးရွာအုပ်စုတို့၌ တောင်သူများ စိုက်ပျိုးထားသော မိုးကြိုဝါစိုက်ဧက ၅၅၀ နှင့် နွေစပါးဧက ၉၅၀ တို့အတွက် ရောင်းချပေးခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက သိရသည်။

(၄၈၇)

# မန္တလေးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့က (၂၂)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

**မန္တလေး မတ် ၂၄**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ (၂၂)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားထပ်ဆင့်ရှင်းလင်းပွဲကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး(လွှတ်တော်ရုံးဟောင်း)အစည်းအဝေးခန်းမတွင် ယနေ့နံနက် ၉ နာရီက ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး ဒေါ်မမနှင့် နာယကအဖွဲ့ဝင်များ၊ ဥက္ကဋ္ဌ ဒေါ်မီမီစိုး၊ အတွင်းရေးမှူး ဒေါ်သန္တာဘုန်းဝင်းနှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မမက အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ (၂၂)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားမှ လုပ်ငန်းလမ်းညွှန်ချက်များ ရှေ့လုပ်ငန်းစဉ်များကို ထပ်ဆင့်ရှင်းလင်းသည်။

ထို့နောက် ထူးချွန်ဆုရရှိကြသော ခရိုင်အမျိုးသမီးရေးရာအဖွဲ့များအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ ဆက်လက်၍ ခရိုင်၊ မြို့နယ် အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြကြရာ အတွင်းရေးမှူးက ခြုံငုံသုံးသပ်ပြီး ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ



အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မြင့်မော်ထွန်း(ပြန်/ဆက်)**

# ကျွန်တော်နှင့် . . . . . . ဘူမိဥယျာဉ်(Geopark)

**DE ဦးသန်းမြင့်ရေ……**

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ဆိုရင် Yangon Zoology Garden ဟုခေါ်ပါတယ် ခင်ဗျာ။ မေမြို့ ရုက္ခဗေဒဥယျာဉ်ဆိုရင်တော့ Maymyo Botanical Garden လို့ခေါ်ပါတယ်။ ဘူမိဥယျာဉ်ဆိုရင်တော့ Geopark လို့ခေါ်ပါတယ်။ ဒီနေရာမှာ Park နှင့် Garden က Garden ဆိုတာကတော့ ဧရိယာကျဉ်းမြောင်းပြီးတော့၊ Park ကတော့ ဧရိယာကျယ်ဝန်း၍ ပိုပြီးတော့အများနှင့်သက်ဆိုင်သောဆိုတဲ့ အဓိပ္ပာယ်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဘူမိဥယျာဉ်ဆိုလို့ရှိရင်တော့ Geopark ခေါ်ဆိုပါတယ်ခင်ဗျာ။ Geopark ဆိုတဲ့နေရာမှာ Geosites ဆိုတဲ့ပြကွက်များဖြင့် တည်ဆောက်ထားပါတယ်။ Geosites ဆိုတာကတော့ ကျောက်တုံး၊ ကျောက်ဆောင်များ၊ ရေတံခွန်များ၊ ဂူများ၊ ရေပူစမ်းများ၊ ကမ်းခြေ၊ ကျောက်ပေါက်ကွက်၊ ချောက်၊ ကမ်းပါးများ၊ လှပသောရှုခင်းများစသော ကမ္ဘာ့ဘူမိအမွေအနှစ်များသာမက သစ်ပင်ပန်းမန်များ၊ သားရဲတိရစ္ဆာန်မျိုးစိတ်များ၊ ယဉ်ကျေးမှုသမိုင်းအမွေအနှစ်များ နေရာတို့အား အများပြည်သူတို့မှ ထိန်းသိမ်းကာကွယ်၍ စဉ်ဆက်မပြတ် အသိပညာဗဟုသုတ ဆည်းပူးလေ့လာခြင်း၊ ဒေသ၏ လူမှုစီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် နိုင်ငံနှင့်အရပ်ဒေသအား ဂုဏ်သတင်းတိုးတက်ကျော်ကြားစေခြင်းတို့ ဖြစ်ပါတယ် ခင်ဗျာ။

**DE ဦးသန်းမြင့်ရေ……**

(၂၀၂၃) ခုနှစ် သတင်းအချက်အလက်အရ UNESCO Global Geoparks များအနေဖြင့် ကမ္ဘာတစ်ဝန်း နိုင်ငံပေါင်း(၄၈)နိုင်ငံတွင် ၁၉၅ ခု ရှိပါတယ်။ Geopark တွေကို (၃)မျိုးခွဲခြားထားပါတယ်။ Local Geopark, National Geopark, UNESCO Global Geoparks များစွာ ရှိပါတယ်။ UNESCO Global Geoparks များမှာ ထိုင်းနိုင်ငံတွင် ၂ ခု၊ မလေးရှားတွင် ၂ ခု၊ အင်ဒိုနီးရှားနိုင်ငံတွင် ၁၀ ခု၊ ဖိလစ်ပိုင်နိုင်ငံတွင် ၁ ခု၊ ဗီယက်နမ်နိုင်ငံတွင် ၃ ခုတို့ဖြစ်ပါတယ်။ အာဆီယံနှင့် အပေါင်းသုံးနိုင်ငံဖြစ်တဲ့တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့တွင် UNESCO Global Geoparks မှာ တရုတ်နိုင်ငံတွင် ၄၁ ခုနှင့် ဂျပန်နိုင်ငံတွင် ၁၀ ခု၊ ကိုရီးယားနိုင်ငံတွင် ၅ ခုတို့ ရှိကြပါတယ်။ UNESCO Global Geopark များ အဆင့်သို့ မရောက်ခင် Local Geoparks ,National Geoparks အဆင့်များကို ဦးစွာဖြတ်သန်းရပါတယ်။ မြန်မာနိုင်ငံအနေဖြင့်တော့ Local Geopark, National Geopark နှင့် UNESCO Global Geopark များ ယခင်က မရှိခဲ့ပါဘူးခင်ဗျာ။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလမှာတော့ ပုပ္ပါးတောင်အမျိုးသားအဆင့်ဘူမိဥယျာဉ်ကို ပထမဦးစွာ သတ်မှတ်နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ Geopark အဖြစ် သတ်မှတ်နိုင်တဲ့ တခြားနေရာများကတော့ ကရင်ပြည်နယ် ဘားအံဇုန်၊ မွန်ပြည်နယ်မော်လမြိုင်၊ သံဖြူဇရပ်၊ ဘီလူးကျွန်း၊ ကျိုက်ခမီဇုန်၊ ကယားပြည်နယ် လွိုင်ကော်ဇုန်၊ ရှမ်းတောင်ပင်လောင်းဇုန်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာဇုန်၊ မန္တလေးတိုင်းဒေသကြီးမိုးကုတ်ဇုန်တို့ကို ကနဦး Geopark ဆိုင်ရာ ဆန်းစစ်လေ့လာပြီးတော့ ရုံးချုပ်သို့ တင်ပြခဲ့ကြပါတယ် ခင်ဗျာ။

**ရွှေဇင်**

# သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



**ညောင်ရွှေ မတ် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးဒေသ အင်းပေါခုံကျေးရွာ ခိုင်စံပယ်လယ်ယာနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် သမဝါယမအသင်း ဥပဒေပြင်ဆင်မှုဆွေးနွေးပွဲကို မတ် ၂၄ ရက် နံနက်ပိုင်းက ညောင်ရွှေမြို့နယ်၊ အင်းပေါခုံကျေးရွာ သမဝါယမအသင်းပိုင် အလင်းရိပ်စာကြည့်တိုက်တွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးအောင်စိုးဝင်းက လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်ထွန်းက သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို မှာကြားသည်။

ဆက်လက်၍ အသင်း၏ စာရင်းစစ်အစီရင်ခံစာ၊ ဘဏ္ဍာရေး ရှင်းတမ်းများဖတ်ကြားခြင်း၊ ရှေ့လုပ်ငန်းစဉ်များချမှတ်ခြင်း၊ အတည်ပြုချက်ရယူခြင်း ဆောင်ရွက်ခဲ့သည်။ ထို့နောက် သမဝါယမအသင်းဥပဒေ ပြင်ဆင်မှုအား မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်ထွန်းက ဆွေးနွေးကာ အသင်းအမှုဆောင်နှင့် အသင်းသားများ၏ တင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၅)**

**စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။**

# မန္တလေးဈေးကွက်တွင် EV ဆိုင်ကယ်များ ပစ္စည်းပြတ်လပ်သည်အထိ ရောင်းအားကောင်းလာ

**မန္တလေး မတ် ၂၄**



မန္တလေးမြို့ရှိ စက်ဘီးနှင့် မော်တော်ဆိုင်ကယ် ဈေးကွက်အတွင်း လျှပ်စစ်မော်တော်ဆိုင်ကယ် (EV) များ၏ ဝယ်လိုအား မြင့်တက်လာမှုကြောင့် ပစ္စည်းပြတ်လပ်သည်အထိ ရောင်းအားကောင်းလာကြောင်း သိရသည်။

(EV) ဆိုင်ကယ်များကို ပြည်သူများအကြား သုံးစွဲမှု တိုးလာသဖြင့် အရောင်းဆိုင်များအနေဖြင့် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ပြည်ပနိုင်ငံများမှ တင်သွင်းမှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း ဆိုင်ရှင်များထံမှ သိရသည်။

လက်ရှိဈေးကွက်အတွင်း ပစ္စည်းမလုံလောက်မှုများ ဖြစ်ပေါ်နေခြင်းကြောင့် (EV) ဆိုင်ကယ် ဈေးနှုန်းများသည် ယခင်ပုံမှန်ဈေးထက် ငွေကျပ် ငါးသိန်းနှင့်အထက် မြင့်တက်လာနေကြောင်းလည်း သိရသည်။

ယခုအချိန်တွင် မန္တလေးဈေးကွက်ရှိ (EV) ဆိုင်ကယ်များ၏ ဈေးနှုန်းသည် ငွေကျပ်သိန်း ၄၀ မှစတင်၍ ငွေကျပ်သိန်း ၆၀ ကျော်အထိရှိနေပြီး မော်ဒယ်နှင့် အရည်အသွေးအပေါ် မူတည်၍ ကွာခြားမှုများရှိနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် လျှပ်စစ်ဓာတ်အားကို အသုံးပြုနိုင်သည့် အဆင်ပြေမှုများကြောင့် (EV) ဆိုင်ကယ်များကို ရွေးချယ်သုံးစွဲသူများ ပိုမိုတိုးလာနေကြောင်းလည်း သိရသည်။

အထူးသဖြင့် နေ့စဉ်သွားလာရေးအတွက် ကုန်ကျစရိတ်လျှော့ချလိုသူများနှင့် လူငယ်အုပ်စုများအကြား (EV) ဆိုင်ကယ်များသည် အလွန်လူကြိုက်များလာပြီး အနာဂတ်တွင်လည်း ဈေးကွက်တိုးချဲ့လာနိုင်ကြောင်း ဈေးကွက်လေ့လာသူများက ခန့်မှန်းထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**

# တယ်လီဖုန်းတီထွင်မှု သမိုင်းမှတ်တမ်း

နော်ယဉ်ကျေး

တယ်လီဖုန်းသည် ကမ္ဘာပေါ်ရှိ တစ်နေရာမှ တစ်နေရာသို့ ဆက်သွယ်စကားပြောရန် နည်းပညာအရ ပြုလုပ်ထားသော အရာဖြစ်သည်။ တယ်လီဖုန်းကို စကားပြောကြေးနန်း၊ စကားပြောခွက်ဟူ၍ မြန်မာမှုပြုခဲ့ကြသော်လည်း အသုံးတွင်ကျယ်ခြင်း မရှိခဲ့ပါ။ တယ်လီဖုန်းကို ၁၈၇၆ ခုနှစ်တွင် အမေရိကန်နိုင်ငံမှ အလက်ဇန္ဒား ဂရေဟမ်ဘဲလ်ဆိုသူက တီထွင်ခဲ့သည်။ ထိုကာလမတိုင်မီ ၁၈၇၅ ခုနှစ်၊ ဇွန်လ ဒုတိယပတ်အတွင်းတွင် ဝါယာကြိုးတစ်ခုတည်းနှင့် တစ်ချိန်တည်း တယ်လီဂရပ်ကြေးနန်းသတင်းများကို ပေးပို့နေရင်း ပေါ်လာသော စိတ်ကူးနှင့် ဘော့စတွန်မြို့၌ လက်တွေ့စမ်းသပ်ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ ပထမဆုံးသော တယ်လီဖုန်းကို သံမဏိချောင်းများ ခွေထားသော စပရင်တစ်စုံကို အသုံးပြုခဲ့ကြသည်။ အသံဖမ်းစက်ဆင်ထားသည့် အခန်းမှာ ဂရေဟမ်ဘဲလ်က လုပ်ဆောင်နေပြီး သူ၏လက်ထောက် သောမတ်စ်ဝပ်ဆင်က အသံပို့စက်ရှိသော နောက်အခန်းတစ်ခုမှာ လုပ်ဆောင်နေကြသည်။ သံလိုက်ပေါ်မှ အသံများ တုန်ခါနေစဉ် သံမဏိချောင်းများက ဝါယာကြိုးကို ဖြတ်စီးနေသော စီးကြောင်းအား ပြောင်းလဲနေပုံကို အမိက လှေ့လာစူးစမ်းခဲ့ကြပြီး တယ်လီဖုန်းကို စတင်တီထွင်နိုင်ခဲ့ကြလေသည်။

ယခုအခါ ကမ္ဘာ့ပထမဆုံး တယ်လီဖုန်းခေါ်ဆိုမှုသည် (၁၀-၃-၂၀၂၆)ရက်တွင် သမိုင်းဝင် နှစ်(၁၅၀) ပြည့်ခဲ့ပြီဖြစ်သည်။ ယနေ့ခေတ်တွင် စမတ်ဖုန်းများနှင့် ကမ္ဘာတစ်လွှားကို စက္ကန့်ပိုင်းအတွင်း ဆက်သွယ်နိုင်နေပြီဖြစ်သော်လည်း အဆိုပါဆက်သွယ်ရေးတော်လှန်ရေး၏ အစမှတ်သည် လွန်ခဲ့သည့် နှစ်ပေါင်း(၁၅၀)က စတင်ခဲ့ခြင်းဖြစ်ပါသည်။ ၁၈၇၆ ခုနှစ်၊ မတ် ၁၀ ရက်၌ တီထွင်သူ အလက်ဇန္ဒား ဂရေဟမ်ဘဲလ်သည် ကမ္ဘာ့ပထမဆုံး တယ်လီဖုန်းခေါ်ဆိုမှုကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါနေ့၌ ဘဲလ်က ဘေးခန်းတွင်ရှိနေသည့် သူ၏ လက်ထောက်ဖြစ်သူ သောမတ်စ်ဝပ်ဆင်ဆီသို့ ကြိုးမှတစ်ဆင့် အသံလှိုင်းများ ပေးပို့နိုင်မည့် ကိရိယာအသစ်တစ်မျိုးကို စမ်းသပ်ခဲ့ခြင်းဖြစ်သည်။ ဘဲလ်က "မစ္စတာ ဝပ်ဆင် ဒီကိုလာခဲ့ပါ။ ခင်ဗျားကို တွေ့ချင်တယ်"ဟု စမ်းသပ်ပြောဆိုလိုက်သည့်အခါ ဝပ်ဆင်က အဆိုပါစကားသံကို ကြိုးတစ်ဖက်ကနေ ရှင်းရှင်းလင်းလင်း ကြားခဲ့ရပါသည်။ ကြေးနန်းလိုမျိုး စာတိုပေးပို့ခြင်းမဟုတ်ဘဲ လူများ၏ စကားပြောသံကို လျှပ်စစ်နန်းကြိုးမှတစ်ဆင့် တိုက်ရိုက်ပေးပို့နိုင်ကြောင်း ပထမဆုံး သက်သေပြနိုင်ခဲ့ခြင်းပဲ ဖြစ်ပါသည်။

အဆိုပါအောင်မြင်သည့် စမ်းသပ်မှုလေးသည် တယ်လီဖုန်း၏ လက်တွေ့အသုံးချနိုင်စွမ်းကို ကမ္ဘာကြီးကို ပြသလိုက်နိုင်ခြင်းဖြစ်ပြီး ဆက်သွယ်ရေးနည်းပညာသမိုင်း၌ အရေးပါသည့် အချိုးအကွေ့တစ်ခု ဖြစ်လာခဲ့ပါသည်။ ကြေးနန်းရိုက်သည့်ခေတ်မှ အသံကို တိုက်ရိုက်ကြားရသည့်ခေတ်သို့ ကူးပြောင်းပေးခဲ့သည့် ထိုအချိန်ကစ၍ တယ်လီဖုန်းနည်းပညာသည် တဖြည်းဖြည်း တိုးတက်ပြောင်းလဲလာခဲ့ရာမှ ယနေ့ခေတ် အင်တာနက်၊ ဗီဒီယိုကောလ်နှင့် ခေတ်မီဆက်သွယ်ရေးစနစ်များအထိ ကြီးမားကျယ်ပြန့်လာခဲ့ပြီ ဖြစ်ပါသည်။

တယ်လီဖုန်း(ခေါ်)စကားပြောကြေးနန်းတွင် (၁) စကားပြောခွက်၊ (၂) လျှပ်စစ်ခေါက်နှင့် (၃) နားထောင်ခွက်ဟူ၍ ပစ္စည်းသုံးမျိုး အဓိက ပါဝင်သည်။ စကားပြောခွက်ထဲသို့ စကားပြောလိုက်သောအခါ ပါးစပ်မှ အသံလှိုင်းတို့သည် စကားပြောခွက်တွင် တပ်ဆင်ထားသော ဒိုင်အာဖရမ်(ခေါ်)ပါးလွှာသည့် သတ္တုချပ်ပြားကို တုန်ခါစေသည်။ ထိုတုန်ခါမှုများက ကြေးနန်းကြိုးတစ်လျှောက်တွင် လျှပ်စစ်ခေါက်စီးကြောင်းကို အသံနှင့်လိုက်၍ မညီညာသော ပြောင်းလဲမှုများ ဖြစ်ပေါ်စေသည်။ ထိုမှအခြားတစ်ဖက်ရှိ နားထောင်ခွက်တွင်ရှိသော လျှပ်စစ်သံလိုက်၌ အလားတူ မညီညာသည့်အားများကို ဖြစ်ပေါ်စေသည်။ ထိုသံလိုက်ကအနီးရှိ သတ္တုချပ်ပြားကို ဆွဲငင်သဖြင့် စကားပြောခွက်တွင်ရှိသော သတ္တုချပ်ပြားအတိုင်း တုန်ခါစေပြန်သည်။ ထိုကဲ့သို့ တုန်ခါမှုကြောင့် စကားပြောသူ၏ စကားသံအတိုင်း နားထောင်ခွက်ထဲမှ ပြန်လည်ကြားရခြင်းဖြစ်ပေသည်။

တယ်လီဖုန်းကိုတီထွင်သူ အလက်ဇန္ဒား ဂရေဟမ်ဘဲလ် (Alexander Graham Bell) ကို ၁၈၄၇ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၊ စကော့တလန်၊ အီဒင်ဘာ့ဂ်မြို့၌ ဖွားမြင်သည်။ စာသင်ကျောင်းတက်ကာ ပညာကောင်းစွာ သင်ကြားခဲ့ခြင်းမျိုးမရှိခဲ့ဘဲ မိသားစုကသာ သင်ကြားပေးခဲ့ပြီး ကိုယ်တိုင်ကလည်း ပညာကို လိုလားစွာ သင်ယူသည်။ ဖခင်ဖြစ်သူသည် အသံဇီဝပညာရှင် (Vocal Physiology) ဖြစ်သောကြောင့် အသံနှင့်ပတ်သက်၍ ငယ်စဉ်ကပင် စိတ်ဝင်စားမှုရှိခဲ့သည်။

၁၈၇၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၊ မန်ဆာချူးဆက်ပြည်နယ်၊ ဘော့စတွန်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ၁၈၇၅ ခုနှစ်တွင် သူ၏တီထွင်မှုနှင့် သက်ဆိုင်သော ပစ္စည်းကိရိယာများကို စတင်တီထွင်သည်။ ၁၈၇၆ ခုနှစ်တွင် မှတ်ပုံတင်ရုံး၌ တယ်လီဖုန်းအား မူပိုင်ခွင့် လျှောက်ထားရာ သီတင်းပတ်အနည်းငယ်အကြာတွင် မှတ်ပုံတင်ခြင်း အောင်မြင်ခဲ့သည်။ အယ်လီရှာဂရေးဆိုသူကလည်း အလားတူပစ္စည်းမျိုးကို လာရောက်မှတ်ပုံတင်ရန် ကြိုးပမ်းရာ နာရီအနည်းငယ် နောက်ကျသွားခဲ့သည်ဟု ဆိုကြသည်။

မကြာမီ ဘဲလ်သည် ဖီလာဒဲလ်ဖီးယားတွင် ကျင်းပသည့် အမေရိကန်လွတ်လပ်ရေး နှစ်(၁၀၀)ပြည့်ပွဲတွင် သူ၏တီထွင်မှုကို လက်တွေ့ပြနိုင်ပြီး လူအများက အံ့ဩစိတ်ဝင်စားကာ ဆုချီးမြှင့်ခြင်းလည်း ခံခဲ့ရသည်။ အနောက်ယူနီယံ သံကြိုးကုမ္ပဏီထံ ဒေါ်လာတစ်သိန်းဖြင့် တယ်လီဖုန်း ထုတ်လုပ်ရောင်းချခွင့်ပေးမည်ဟု ကမ်းလှမ်းသော်လည်း ပယ်ချခံရသဖြင့် ၁၈၇၇ ဇူလိုင်လတွင် ကိုယ်ပိုင်ဆက်သွယ်ရေးကုမ္ပဏီတစ်ခုကို တည်ထောင်ကာ တယ်လီဖုန်းထုတ်လုပ်ရေးကို စတင်ခဲ့ရာ အထူးအောင်မြင်ခဲ့သည်။


ဘဲလ်ဇနီးမောင်နှံသည် အဆိုပါကုမ္ပဏီ၏ ရှယ်ယာ ၁၅ ရာခိုင်နှုန်းကို ပိုင်ဆိုင်ခဲ့သော်လည်း ရှယ်ယာများကို ရောင်းချရာတွင် ထိုက်သင့်သည့် အမြတ်အစွန်းများကို မရရှိခဲ့သည့်တိုင် ၁၈၈၃ ခုနှစ်တွင် ဒေါ်လာတစ်သန်းကျော် ချမ်းသာနေခဲ့သေးသည်ကိုကြည့်လျှင် ကုမ္ပဏီ၏ အောင်မြင်မှုကို ခန့်မှန်းနိုင်ပေသည်။ ထိုသို့ လူချမ်းသာတစ်ဦးဖြစ်လာသည့်တိုင် ဘဲလ်သည် သူ၏တီထွင်စမ်းသပ်မှုများကို ရပ်နားသည်မရှိခဲ့ပေ။ အထူးသဖြင့် နားအကြားအာရုံ ချို့တဲ့သူများအတွက် အထူးအားထုတ်ခဲ့သည်။ သားနှစ်ဦး၊ သမီးနှစ်ဦး ထွန်းကားခဲ့သော်လည်း သားများသည် ငယ်ငယ်ကတည်းကပင် ကွယ်လွန်ခဲ့သည်။ ၁၈၈၂ ခုနှစ်တွင် အမေရိကန်နိုင်ငံသားအဖြစ် အသိအမှတ်ပြုခံရပြီး ၁၉၂၂ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ ကွယ်လွန်ခဲ့သည်။

ယနေ့ခေတ်အခါတွင် ဆက်သွယ်ရေးလုပ်ငန်းသည် စီးပွားရေးအတွက်သာမက လူမှုဆက်သွယ်ရေးအရပါ တိုင်းပြည်တိုင်းတွင် အရေးပါသော အခန်းကဏ္ဍတစ်ခုအဖြစ်ရှိနေပါသည်။ နိုင်ငံတကာဆက်သွယ်နိုင်သော ဆက်သွယ်ရေးလုပ်ငန်းများသည် တိုင်းပြည်တိုင်းတွင် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအဖြစ် ချမှတ်ကာ ဆောင်ရွက်လျက်ရှိကြသည်။ လွန်ခဲ့သည့်နှစ်များက တယ်လီဖုန်းဆက်သွယ်ရေးမှာ ကြိုးဖုန်း (လိုင်းဖုန်း)များဖြစ်ခဲ့သည်။ ကြိုးဖုန်းများသည် တပ်ဆင်ခနှင့် အသုံးပြုခ ဈေးကြီးသည်ဟုဆိုရပေမည်။ ဧရိယာအကွာအဝေးနေရာများကြောင့် ကြိုးဖုန်းဆက်သွယ်ရေးလုပ်ငန်းများမှာ တိုးပွားလာသော လူဦးရေများအတွက် လွယ်ကူအဆင်ပြေမှု ရာနှုန်းပြည့် မရှိနိုင်ခဲ့ပေ။

မကြာသေးသည့် နှစ်အနည်းငယ်ခန့်က တိုးတက်ဖွံ့ဖြိုးလာသော ကြိုးမဲ့နည်းပညာကြောင့် ကြိုးမဲ့မိုဘိုင်းလ်ဖုန်းများသည် လူဦးရေအားလုံးထံ ရောက်ရှိနိုင်သည့် အခွင့်အလမ်းဖြစ်လာခဲ့သည်။ ထို့အပြင် ဆက်သွယ်မှုမြန်ဆန်ခြင်း၊ ကြိုးဖုန်းထက် အဖိုးနှုန်းသက်သာခြင်း စသည့် အားသာချက်များ ရှိလာခဲ့သည်။ ကြိုးမဲ့ဆက်သွယ်ရေးနည်းပညာတွင် မိုဘိုင်းလ်ဖုန်းများ၊ Wi-Fi၊ WiMAX နှင့် Meshed Wireless Networks များပါဝင်လာခဲ့သည်။ ကြိုးမဲ့ဆက်သွယ်ရေးလုပ်ငန်းသည် လူဦးရေအားလုံးအတွက် အဆင်ပြေလွယ်ကူမှုရှိသည်ဆိုသော်လည်း အာရှပစိဖိတ်ဒေသနေရာများတွင် အင်္ဂလိပ်ဘာသာစကားက အခက်အခဲ အတားအဆီးအနည်းငယ်ဖြစ်နေခဲ့သည်။ ဒေသတိုးတက်ဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်နေကြသူများက ထိုအခက်အခဲများကို ကျော်လွှားနိုင်ရန် Services နှင့် Applications များကို တီထွင်ဖန်တီးအောင်မြင်စေပြီး ဆက်သွယ်မှုအဆောက်အအုံအား ပိုမိုအောင်မြင်လွယ်ကူစေရန် ကြိုးပမ်းလျက်ရှိကြသည်။

ယနေ့ခေတ်အချိန်အခါတွင် အသုံးပြုနေကြသော ကြိုးမဲ့ဆက်သွယ်ရေးနည်းပညာများမှာ Near Field Communications (NFC)၊ Bluetooth၊ DECT၊ Packet Switching၊ Mobile Phones၊ GSM၊ CDMA၊ Wi-Fi၊ WiMAX၊ High Altitude Platforms နှင့် Satellite Telephone Networks စသည်ဖြင့် အမျိုးမျိုးရှိလာခဲ့ပြီဖြစ်သည်။ တစ်မျိုးစီသည် သတ်မှတ်ထားသော ဈေးကွက်အတွက်သာ ရည်ရွယ်၍ ဒီဇိုင်းများ ထုတ်လုပ်လာကြသည်။ တိုးတက်ခေတ်မီလာသော ခေတ်ကာလတွင် လူသားတိုင်း၏ လိုအပ်ချက်များအားလုံးကို ပြည့်မီနိုင်ရန်အတွက် တစ်မျိုးတည်းသော နည်းပညာဖြင့် မလုံလောက်နိုင်ပါ။ လိုအပ်ချက်အပေါ်မူတည်ပြီး အသင့်လျော်ဆုံးသော နည်းပညာများကို ပူးပေါင်းကာ ဆောင်ရွက်ခြင်းဖြင့်သာ တိုးတက်အောင်မြင်မှုများ ရရှိနိုင်ပေသည်။ ဥပမာအားဖြင့်ဆိုလျှင် Bluetooth က ကြိုးဖြင့် ဆက်သွယ်ခြင်းကို အစားထိုးပစ်လိုက်နိုင်သော်လည်း အဖိုးနှုန်းပမာဏမှာ များလှသည်။ အဖိုးနှုန်းများသည့်အပြင် တိုတောင်းသည့် အကွာအဝေးနေရာကိုသာ ထောက်ပံ့ပေးနိုင်ပြီး Data Rate ဒေတာပို့နှုန်းမှာလည်း အသင့်အတင့်သာ ရှိသည်။ ဂြိုဟ်တုစနစ် Satellite System သည် တပ်ဆင်ခ ကုန်ကျစရိတ်များသော်လည်း ကြီးမားကျယ်ပြန့်လှသော အကွာအဝေးအတွက် အကောင်းဆုံးနည်းပညာ ဖြစ်သည်။





မိုဘိုင်းလ်ဖုန်းမျိုးဆက်ကို သုံးပိုင်းခွဲခြားကြည့်မည်ဆိုလျှင် မိုဘိုင်းလ်ဖုန်းစနစ် ပထမမျိုးဆက်ကို ၁၉၇၈ ခုနှစ်တွင် ရှီကာဂိုမြို့၊ AT&T Bell Labs မှ စတင်ကာမိတ်ဆက်ပေးခဲ့သည်။ ထို့နောက် မိုဘိုင်းလ်ဖုန်းစနစ်သည် စီးပွားရေးဆက်သွယ်မှုကွန်ရက်တွင် အောင်မြင်မှုများ ရရှိခဲ့သည်။ ဒုတိယမျိုးဆက်ဖြစ်သော မိုဘိုင်းလ်ဖုန်းစနစ်သည် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုထားပြီးများစွာ တိုးတက်လာသည်။ အသံအပြင် General Packet Radio Service (GPRS), Short Message Service (SMS) များကိုပါ အသုံးပြုလာနိုင်သည်။ GPRS သည် ဖုန်းနှင့် Phone Network တို့အကြား ဒေတာဆက်သွယ်မှုဖြစ်လာပြီး ထို့နောက် အင်တာနက်ဆက်သွယ်မှုဖြစ်လာခဲ့သည်။ ၂၀ မှ ၄၀ kbps အထိသာ Data Rate ရှိခြင်းနှင့် အဖိုးနှုန်းကြီးမားခြင်းတို့ကြောင့် GPRS ကို လူကြိုက်မများလှပေ။ GPRS အသုံးပြုမှုမှာ အနည်းငယ်သာ အောင်မြင်မှုရှိသော်လည်း SMS အသုံးပြုမှုသည် မပြောပနိုင်လောက်အောင်ကို အောင်မြင်မှုများရရှိခဲ့သည်။ စာလုံးရေ ၁၆၀ ထိရေးပို့နိုင်ပြီး အဖိုးနှုန်းသက်သာလှသော SMS စာသားပေးပို့ ဆက်သွယ်ခြင်းသည် လူငယ်၊ လူရွယ်များအတွင်းတွင် အလွန်ရေပန်းစား လူကြိုက်များလှသည်။ တတိယမျိုးဆက်ဖြစ်သော မိုဘိုင်းလ်ဖုန်းစနစ်သည် မိုဘိုင်းလ်ဖုန်းစနစ် ဒုတိယမျိုးဆက်ကို ပိုမိုကျော်လွန်အောင်မြင်သည့် ဒစ်ဂျစ်တယ်ဆယ်သွယ်ရေးစနစ်ဖြစ်သည်။ Multimedia Applications များကို ထောက်ပံ့ပေးနိုင်ခြင်းက အောင်မြင်သည့် အဓိကသော့ချက်ဖြစ်သည်။ လူအများတတ်နိုင်သော ဈေးနှုန်းဖြင့် သုံးစွဲသူတို့ လက်ဝယ်ရောက်နိုင်ခြင်း၊ အသံဖိုင်ပေးပို့ ဆက်သွယ်မှုမှာ ဒုတိယမျိုးဆက်စနစ်ထက် အဖိုးနှုန်းသက်သာခြင်းတို့ကလည်း အောင်မြင်မှုအကြောင်းပင် ဖြစ်သည်။ မိုဘိုင်းဖုန်းစနစ် အောင်မြင်လာခြင်းမှာ ဆက်သွယ်ရေးကုမ္ပဏီကြီးများ၏ အပြိုင်အဆိုင် ကြိုးပမ်းမှုကြောင့်ပင် ဖြစ်သည်။ ယခုအခါ စတုတ္ထခေတ် စမတ်ဖုန်းမျိုးဆက်သို့ အပြိုင်အဆိုင် ကြိုးပမ်းနေကြသလို ဒေတာပိုင်းတွင်လည်း 10G အဆင့်သို့ပင် တီထွင်ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

အချုပ်အားဖြင့်ဆိုသော် ဂရေဟမ်ဘဲလ်မှ စတင်တီထွင်ခဲ့သော တယ်လီဖုန်းဆက်သွယ်ရေးကို အခြေခံ၍ အဆင့်မြင့်နည်းပညာ အများအပြားကို ထပ်မံတီထွင်ဖန်တီးလာနိုင်ခဲ့ပြီး စမတ်ဖုန်းသည် ယနေ့လူမှုဆက်ဆံရေးနယ်ပယ်တွင် အရေးပါ အရာအရောက်ဆုံးသော ပစ္စည်းတစ်ခုဖြစ်လာခဲ့သည့်အပြင် ပညာရေး၊ ကျန်းမာရေးစသည်တို့တွင်သာမက လူမှုစီးပွားရေးလုပ်ငန်းများအတွက်ပါ များစွာအကျိုးပြုလျက်ရှိလာနေပြီဖြစ်ပါကြောင်း တယ်လီဖုန်းတီထွင်မှု နှစ်(၁၅၀)ပြည့် သမိုင်းမှတ်တမ်းအား မှတ်တမ်းတင်ရေးသားဂုဏ်ပြုလိုက်ရပါသည်။

**Ref :** Wikipedia from Google and Interesting Engineering Web page from Google.

# ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး မတ် ၂၄**

မန္တလေးတိုင်းဒေသကြီး အဆင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာကော်မတီနှင့် လုပ်ငန်းကော်မတီ (၈)ရပ်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန၌ မတ် ၂၃ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးနှင့် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌက "မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို အမျိုးသားကော်မတီထံသို့ ပုံမှန်တင်ပြလျက်ရှိကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကိစ္စများ ဆောင်ရွက်နိုင်စေရန် တိုင်းဒေသကြီးအစိုးရ ဘဏ္ဍာရန်ပုံငွေများကို အကျိုးရှိပြီး အလေအလွင့်မရှိစေရေး စနစ်တကျသုံးစွဲသွားရန် လိုအပ်ပါကြောင်း" စသည်ဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် လုပ်ငန်းကော်မတီ(၈)ရပ် ဖွဲ့စည်းထားသော တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား အသီးသီးဆွေးနွေးတင်ပြခဲ့ကြကာ မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ချမ်းမြေ့မောင်(ချမ်း/စံ)**

၀-၀-၀-၀-၀

၀-၀-၀-၀





# စာပေ၊ ကဗျာ၊ ဆောင်းပါး ရေးသားနည်းသင်တန်း ဖွင့်လှစ်

**ပြင်ဦးလွင် မတ် ၂၄**

ကျောင်းသား၊ ကျောင်းသူများ မြန်မာစာအရေးအသား တိုးတက်စေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) တွင် စာပေ၊ ကဗျာ၊ ဆောင်းပါး ရေးသားနည်း သင်တန်းဖွင့်ပွဲကို မတ် ၂၃ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ရာ ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းတွင် သင်တန်းနည်းပြအဖြစ် စာရေးဆရာ ကိုရွှေအောင်သင်းက စာပေ၊ ကဗျာ၊ ဆောင်းပါး ရေးသားရာတွင် လိုအပ်သည့်အချက်များ၊ ရေးသားပုံရေးသားနည်းများ၊ သဒ္ဒါထားသိုပုံ ထားသိုနည်းများ အစရှိသည်တို့ကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

အဆိုပါ စာပေ၊ ကဗျာ၊ ဆောင်းပါးရေးသားနည်း သင်တန်းသို့ ပြင်ဦးလွင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၃ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး မတ် ၂၃ ရက်မှ ၂၅ ရက်အထိ သုံးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သွေးသွေး(ခရိုင် ပြန်/ဆက်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ လေ့လာစို့။

# (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ

**မကွေး မတ် ၂၄**

၂၀၂၆ ခုနှစ်၊ မတ် ၂၇ ရက်တွင် ကျရောက်မည့် (၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် အသိပညာပေး ဟောပြောပွဲနှင့်ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကို မတ် ၂၃ ရက် နံနက်ပိုင်းက မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Center) ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မကွေးခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်က မြန်မာ့လွတ်လပ်ရေးသမိုင်းကြောင်းနှင့် တပ်မတော်နေ့ဖြစ်ပေါ်လာပုံ၊ စာပေဖတ်ရှုခြင်း၏အကျိုးကျေးဇူးများကို အသိပညာပေး ဆွေးနွေးဟောပြောခဲ့သည်။

ဟောပြောပွဲအပြီးတွင် (၈၁) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကို ဆက်လက်ပြုလုပ်ရာ ကျောင်းသား၊ ကျောင်းသူလေးများက စိတ်အားထက်သန်ပျော်ရွှင်စွာ ဝင်ရောက်ဖြေဆိုခဲ့ကြပြီး အဖြေမှန်ရရှိသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ၊ စာအုပ်၊ စာစောင်များအား စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုကြကြောင်း သိရသည်။

**(ယာပုံ)**

**မောင်နိုင်မင်း(ပြန်/ဆက်)**

၀-၀-၀-၀-၀

၀-၀-၀-၀

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး အလင်း

## မြန်မာ့အလှမယ်

* ရိုးရိုးနဲ့ ယဉ်ယဉ်
ဝတ်စားလို့ ပြင်ဆင်
သွင်မှုယာတကယ်ယဉ်ကျေးလို့
ခင့်ရှုပါ မြင်သူငေးရပါတဲ့
မြန်မာမလေး။

* ကိုးကွယ်ရာ ဘာသာတရားနဲ့
မျိုးမြန်မာ မင်္ဂလာများကို
ကြိုးစားကာ အစဉ်တစိုက်
လိုက်နာလို့ ရွေးသုံးလေမှ
ရေးထုံးနဲ့ ဘယ်မဝေး။

* ကိုယ့်ရိုးရာ ယဉ်ကျေးမှု
အလေးဂရု ထာဝစဉ်
ထိန်းသိမ်းကြစေချင်
စိန်ရွှေဆင် ပကာသန မပါတဲ့
ဣန္ဒြေရှင် မြန်မာအလှကို
ကမ္ဘာက သိရအောင်
ပြကြကွဲ့လေး။ ။

**မောင်ချစ်ဝေ(ခေမာမြေ)**





## အမေရိကန်နှင့် အစွဲရေး စစ်ရေးလုပ်ဆောင်မှုများကို ရပ်တန့်ရန် အရှေ့အလယ်ပိုင်းဆိုင်ရာ တရုတ်အထူးသံတမန် တိုက်တွန်း



**ပေကျင်း မတ် ၂၄**

တရုတ်နိုင်ငံသည် အရှေ့အလယ်ပိုင်းပဋိပက္ခတွင် ပါဝင်ပတ်သက်နေသည့် အဖွဲ့အစည်းအားလုံး၊ အထူးသဖြင့် အမေရိကန်နှင့် အစွဲရေးနိုင်ငံတို့အနေဖြင့် စစ်ရေးလုပ်ဆောင်မှုများကို ရပ်တန့်ရန် မတ် ၂၃ ရက်က တိုက်တွန်းခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပဋိပက္ခကာလရှည်ကြာလာပါက ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်သည်ဟု ၎င်းကထောက်ပြသည်။

ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ကူဝိတ်နိုင်ငံများသို့ သံတမန်ရေးအရ သွားရောက်ညှိနှိုင်းခဲ့သည့် ခရီးစဉ်အပြီးပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် တရုတ်နိုင်ငံ၏ အရှေ့အလယ်ပိုင်းဆိုင်ရာ အထူးသံတမန် ကျိုင်ကျွင်းက ပြောကြားသည်။

အခြားသတင်းစာရှင်းလင်းပွဲတစ်ခုတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လင်းကျန့်က အင်အားသုံးဖြေရှင်းခြင်းသည် ဆိုးရွားသော သံသရာစက်ဝန်းသို့သာ ဦးတည်သွားစေမည်ဖြစ်ကြောင်း ၎င်းကဆက်လက် သတိပေးပြောကြားသည်။

ထို့ပြင် တိုက်ခိုက်မှုများ ဆက်လက်ပျံ့နှံ့လာပြီး အရှိန်အဟုန်မြင့်မားလာပါက ဒေသတစ်ခုလုံး ပရမ်းပတာအခြေအနေသို့ ဆိုက်ရောက်သွားလိမ့်မည်ဟု ၎င်းက ဆက်လက်ပြောကြားကြောင်း သိရသည်။ **Mon**



## အီးယူနှင့် ချုပ်ဆိုသော ကုန်သွယ်ရေးသဘောတူညီချက်သစ်အရ ဥရောပတွင် ဩစတြေးလျအမဲသား ပိုမိုစားသုံးနိုင်တော့မည်ဖြစ်

**ကင်ဘာရာ မတ် ၂၄**

ဩစတြေးလျထုတ်ကုန်အများစုအပေါ် ကောက်ခံနေသည့် ပို့ကုန်အခွန်အခများကို လျှော့ချပေးမည့် ဥရောပသမဂ္ဂနှင့် ချုပ်ဆိုသော ကုန်သွယ်ရေးသဘောတူညီချက်အသစ်အရ ဥရောပတွင် ဩစတြေးလျအမဲသားများကို ပိုမိုစားသုံးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ဩစတြေးလျဒေါ်လာ ၁၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇ ဘီလီယံ) တန်ဖိုးရှိသော အဆိုပါသဘောတူညီချက်ကို ယမန်နေ့က လက်မှတ်ရေးထိုးခဲ့ကြပြီး ဩစတြေးလျဝန်ကြီးချုပ်နှင့် ဥရောပကော်မရှင်အကြီးအကဲတို့က နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် အောင်မြင်မှုတစ်ခုအဖြစ် ဖော်ပြကြသည်။

ယခုသဘောတူညီချက်အရ ဩစတြေးလျနိုင်ငံတွင် ထုတ်လုပ်သည့် အီတလီစတိုင် အမြှုပ်ထွက်ဝိုင်များကို ပြည်တွင်း၌ ပရိုဆက်ကိုအမည်ဖြင့် ဆက်လက်ရောင်းချနိုင်မည်ဖြစ်သော်လည်း ပြည်ပသို့ တင်ပို့ရာတွင်မူ အဆိုပါအမည်ကို ၁၀ နှစ်တာကာလအတွင်း အဆင့်ဆင့်ရပ်ဆိုင်းသွားရမည်ဖြစ်ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## တီဟီရန်နှင့် ဆွေးနွေးမှုများကို ထရမ့် ချီးကျူးပြောဆိုခဲ့ပြီးနောက် အာရှစတော့ရှယ်ယာဈေးကွက်များ ယမန်နေ့က မြင့်တက်လာ




**ဝါရှင်တန် မတ် ၂၄**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က အီရန်စွမ်းအင်အဆောက်အအုံများအပေါ် တိုက်ခိုက်မည့် အစီအစဉ်ကို ရွှေ့ဆိုင်းကာ တီဟီရန်နှင့် ဆွေးနွေးမှုများမှာ အလွန်ကောင်းမွန်ကြောင်း ချီးကျူးပြောဆိုခဲ့ပြီးနောက် အာရှစတော့ရှယ်ယာဈေးကွက်များ ယမန်နေ့က မြင့်တက်လာခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အမည်မဖော်လိုသူ ထိပ်တန်းပုဂ္ဂိုလ်တစ်ဦးနှင့် ဆွေးနွေးမှုများပြုလုပ်ပြီးနောက် စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများအပေါ် တိုက်ခိုက်မှုအသစ်များကို ငါးရက်ကြာ ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတက အံ့အားသင့်ဖွယ် ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် မတ် ၂၃ ရက်က နယူးယောက်စတော့ဈေးကွက်များ မြင့်တက်ခဲ့ပြီး ရေနံစိမ်းဈေးနှုန်းများ ထိုးဆင်းသွားခဲ့သည်။

အဆိုပါသတင်းသည် ပဋိပက္ခများ အဆုံးသတ်နိုင်ရန်နှင့် ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ ငါးပုံတစ်ပုံခန့် ဖြတ်သန်းစီးဆင်းရာ ဟော်မုဇ်ရေလက်ကြားကို ပြန်လည်ဖွင့်လှစ်နိုင်ရန် မျှော်လင့်ချက်များကို ပိုမိုမြင့်တက်စေခဲ့သည်။

ဘရန့်ရေနံစိမ်းဈေးနှုန်းသည် ၁၄ ရာခိုင်နှုန်းခန့်အထိ ကျဆင်းခဲ့ပြီး အမေရိကန်ဒေါ်လာ ၉၆ ဒေါ်လာအထိ ရောက်ရှိခဲ့သော်လည်း ဝေါလ်စထရိရှိ အဓိကအညွှန်းကိန်းသုံးခုစလုံးမှာမူ တစ်ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့ပြီး ရေနံဈေးနှုန်းများမှာ ၉၀ ဒေါ်လာ အထိ ဆက်လက်ကျဆင်းနိုင်ကြောင်း ဝေဖန်သုံးသပ်သူများက ခန့်မှန်းထား ကြောင်းသိရသည်။ **Mon**

## ဥရောပမော်တော်ယာဉ်သစ်ရောင်းအား ပြန်လည်မြင့်တက်လာ တက်စလာလျှပ်စစ်ကား တိုးတက်မှုနှုန်း ပြန်လည်ရရှိခဲ့

**ဘာလင် မတ် ၂၄**

ဥရောပတွင် ဇန်နဝါရီလအတွင်းက ကျဆင်းခဲ့သော မော်တော်ယာဉ်သစ်ရောင်းအားသည် ဖေဖော်ဝါရီလတွင် ပြန်လည်မြင့်တက်လာခဲ့ပြီး လျှပ်စစ်ကားဝယ်လိုအား ဆက်တိုက်ရှိနေခြင်းကြောင့် အီလွန်မတ်စ်၏ တက်စလာ လျှပ်စစ်ကားအမှတ်တံဆိပ်သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် တိုးတက်မှုနှုန်း ပြန်လည်ရရှိခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဥရောပမော်တော်ယာဉ်လုပ်ငန်းအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ ဥရောပသမဂ္ဂ၊ ဗြိတိန်နှင့် ဥရောပလွတ်လပ်သောကုန်သွယ်ရေးအသင်းဝင်နိုင်ငံများအတွင်း မော်တော်ယာဉ်မှတ်ပုံတင်မှုစုစုပေါင်းမှာ ဖေဖော်ဝါရီလတွင် ၁ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အစီးရေ ၉၇၉၃၂၁ စီး ရောင်းချနိုင်ခဲ့သည်။

အဆိုပါရောင်းချရမှုများအနက် သုံးပုံနှစ်ပုံမှာ ဘက်ထရီသုံးလျှပ်စစ်ကားများ၊ ပလပ်ထိုးစပ်သုံးလျှပ်စစ်ကားများ သို့မဟုတ် စပ်သုံးလျှပ်စစ်ကားများဖြစ်ကြသည်။

တရုတ်ကုမ္ပဏီများ၏ ယှဉ်ပြိုင်မှုကို ခုခံနေရချိန်တွင် လျှပ်စစ်ကားရောင်းချမှုမှ အမြတ်အစွန်းရရှိရန် ရုန်းကန်နေရသည်ဟု ပြည်တွင်းမော်တော်ယာဉ်ထုတ်လုပ်သူများက ဖိအားပေးပြောဆိုလာကြသဖြင့် ဥရောပသမဂ္ဂနှင့် ဗြိတိန်နိုင်ငံတို့သည် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုလျှော့ချရေးဆိုင်ရာ စည်းမျဉ်းအချို့ကို ပြန်လည်ဖြေလျှော့ပေးရန် လုပ်ဆောင်နေကြကြောင်း သိရသည်။ **Mon**

## ဗီယက်နမ်နိုင်ငံပိုင်ပြည်တွင်းလေကြောင်းခရီးစဉ်ပေါင်း ၂၀ ကျော် လောင်စာဆီကန့်သတ်ချက်များကြောင့် အပတ်စဉ်ရပ်နားမည်ဟု ဆို

**ဟန်ွိုင်း မတ် ၂၄**

အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့် လောင်စာဆီရရှိမှု ကန့်သတ်ချက်များရှိလာသဖြင့် ဗီယက်နမ်နိုင်ငံပိုင် လေကြောင်းလိုင်းသည် လာမည့်လမှစတင်၍ ပြည်တွင်းလေကြောင်းခရီးစဉ်ပေါင်း ၂၀ ကျော်ကို အပတ်စဉ်ရပ်နားသွားမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော သုံးပတ်ကျော်ကစတင်ခဲ့သည့် အဆိုပါပဋိပက္ခကြောင့် ရေနံဈေးနှုန်းများ မြင့်တက်လာပြီး လောင်စာဆီပြတ်လပ်မည်ကို စိုးရိမ်မှုများဖြစ်ပေါ်စေကာ လေယာဉ်ဆီဈေးနှုန်းများသည်လည်း အဆမတန်မြင့်တက်လာခဲ့သည်။

ဗီယက်နမ်လေကြောင်းလိုင်းသည် ဧပြီ ၁ ရက်မှစတင်၍ အပတ်စဉ် ခရီးစဉ်ပေါင်း ၂၃ ခု အပါအဝင် လမ်းကြောင်းအချို့ကို ယာယီရပ်နားရန် စီစဉ်ထားကြောင်း ထိုနိုင်ငံ၏ အရပ်ဘက်လေကြောင်းအာဏာပိုင်အဖွဲ့က ယမန်နေ့ညပိုင်းတွင် ထုတ်ပြန်ခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများကြောင့် လေယာဉ်ဆီရရှိမှုမှာ ကန့်သတ်ချက်ရှိလာပြီး ပြည်တွင်းလေကြောင်းလိုင်းများ၌ လောင်စာဆီပြတ်လပ်နိုင်သည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသဖြင့် ခရီးစဉ်များကို လျှော့ချရခြင်းဖြစ်ကြောင်း သိရသည်။ **Mon**



STOP AIDS

## တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ်နှင့် ဟောင်ကောင်မြို့များသို့ စင်ကာပူဝန်ကြီးချုပ် လောရင့်စ်ဝေါင်း သွားရောက်မည်

**စင်ကာပူ မတ် ၂၄**

စင်ကာပူဝန်ကြီးချုပ် လောရင့်စ်ဝေါင်းသည် တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ်နှင့် ဟောင်ကောင်မြို့များသို့ သွားရောက်မည့် လေးရက်ကြာ တရုတ်နိုင်ငံခရီးစဉ်ကို မတ်၂၅ ရက်တွင် စတင်မည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဝန်ကြီးချုပ်သည် ဟိုင်နန်ပြည်နယ်တွင် ကျင်းပပြုလုပ်မည့် ပိုအောင်းအာရှဖိုရမ်နှစ်ပတ်လည်ညီလာခံ၏ ဖွင့်ပွဲအခမ်းအနားတွင် အဓိကမိန့်ခွန်း ပြောကြားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ကြေညာသည်။

ပိုအောင်းအာရှဖိုရမ်ကို အာရှ၏ ဒါးဗို့စ်ကမ္ဘာ့စီးပွားရေးဖိုရမ်အဖြစ် တင်စားလေ့ရှိပြီး ကမ္ဘာလုံးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးနိုင်ရန်အတွက် အစိုးရ၊ စီးပွားရေးနှင့် ပညာရှင်အသိုင်းအဝိုင်းမှ ခေါင်းဆောင်များကို စုစည်းပေးသည့် ဖိုရမ်တစ်ခုဖြစ်သည်။

ယခုနှစ်တွင် ၂၅ နှစ်မြောက်နှစ်ပတ်လည်ဖြစ်သော အဆိုပါဖိုရမ်ကို မျှဝေခံစားရမည့် အနာဂတ်အား ပုံဖော်ခြင်း-မောင်းနှင်အားသစ်များ၊ အခွင့်အလမ်းသစ်များနှင့် ပူးပေါင်းဆောင်ရွက်မှုအသစ်များဟူသည့် ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **Mon**



# ချစ်ခင်လေ ချစ်ပါလှသည့်ရှင်မှ သိင်္ဂါရသို့

**သွယ်အောင်**

**သိင်္ဂါရ**

* သံစဉ်မိုး
  ပိုးစောင်းသံ။
* ညဥ့်ဦးယံ
  လူခြေတိတ်
  ဖိတ်ကျလာတဲ့
  လွမ်းကာရန်။
* ကွဲကွာခြင်း
  အပူဒဏ်
  ဘယ်သူ
  လာ
  ခံစေသနည်း။
* အမုန်းဆိုတဲ့ အခါးဒဏ်
  ဘယ်သူ
  စ
  ဖန်လေသနည်း။
* ချစ်သူတို့
  ဖဝါးအောက်
  ပန်း
  ပေါက်စေ
  သတည်း။

**ကိုလေး(အင်းဝဂုဏ်ရည်)**

ဆရာကိုလေး(အင်းဝဂုဏ်ရည်) မသေခင် နောက်ဆုံးရေးသွားခဲ့သော ကဗျာဖြစ်သည်။ ထိုကဗျာရေးပြီးချိန်နှင့် ဆရာကွယ်လွန်သည့်နေ့ ခြောက်ရက်သာ ခြားသည်။ ထိုကဗျာကို ဆရာ၏ (Face Book)ဖေ့ဘုတ်စာမျက်နှာမှ ဖတ်ရသည်။ ကဗျာကိုဖတ်ပြီး ကျွန်တော့်ရင်ထဲ တစ်စုံတစ်ခုတည်းမဟုတ်ဘဲ ဘယ်နှစ်ကြိမ်၊ ဘယ်နှစ်ခါ ဖတ်ရှုကြည့်မိမှန်း အမှတ်မထားမိတော့။

ကဗျာခေါင်းစဉ်'သိင်္ဂါရ'ဆိုသော စကားလုံးသည် ကျွန်တော့် ဦးနှောက်ထဲသို့ စုန်ချီ၊ ဆန်ချီ ပတ်ချာလှည့်နေပြီး နှလုံးသားထဲ စီးဝင်ခဲ့လေပြီ။

စာထဲပေထဲတွင် မောင်နှင့်မယ်တို့၏ ချစ်ခြင်းအကြောင်းကို ဖွဲ့ဆိုထားသော အဖွဲ့တို့သည် 'သိင်္ဂါရ ရသ'ကို ဖြစ်ပေါ်စေသည့် ခံစားမှုကို ပေးစွမ်းနိုင်သော အဖွဲ့များဖြစ်သည်။ အမိနှင့်သား၊ မောင်နှင့်နှမ၊ ဆရာနှင့်တပည့်ကဲ့သို့ (၅၂၈)သွယ် မေတ္တာဘွဲ့ကို ဖွဲ့လျှင် 'ဝစ္ဆလရသ'မြောက်သည်ဟူ၍လည်းကောင်း၊ သဘာဝပတ်ဝန်းကျင် အလှဘွဲ့များကို ဖွဲ့လျှင် 'သန္တရသ'မြောက်သည်ဟုလည်းကောင်း အလင်္ကာကျမ်းများတွင် ဖော်ပြထားပါသည်။

မကြာခင်ရက်ပိုင်းက ဆရာနေမျိုး၏ 'ချစ်ခင်လေ ချစ်ပါလှသည့်ရှင်' လုံးချင်းဝတ္ထုရှည်တစ်ပုဒ်ကို ဖတ်ရသည်။ သိင်္ဂါရရသကို ဖော်ညွှန်းလိုက်သည့် ဝတ္ထုရှည်တစ်ပုဒ် ဖြစ်နေသည်။

စာအုပ်မှာ လင်းသစ်ရောင်စဉ်စာပေမှ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပထမအကြိမ်အဖြစ် ထုတ်ဝေသည်။ စာမျက်နှာ ၂၃၁ မျက်နှာ၊ မျက်နှာဖုံးပန်းချီ အောင်ကြည်စိုး၊ အုပ်ရေ ၅၀၀၊ တန်ဖိုးငွေကျပ် ၁၅၀၀၀ ဖြင့် ရိုက်နှိပ်ဖြန့်ချိသည်။

စာရေးသူ ဆရာနေမျိုး၏ အမှာစာကြောင့်လည်း အလွန်ရှည်လျားသော ဝတ္ထုရှည်တစ်ပုဒ်ကို တစ်ထိုင်တည်းဖြင့် ပြီးအောင်ဖတ်ရှုမိခြင်းဖြစ်သည်။ သူ၏ အမှာစာအချို့ကို ဖတ်ရှုကြည့်ပါ။

‘ပျင်းရိငြီးငွေ့ဖွယ်ကောင်း၍ ခြောက်သွေ့သော လူမှုဘဝတစ်ခုသည် အသက်ဝင်လာကာ စိုပြည်စိမ်းလန်းလာသည်ကို ဖော်ပြရန် အားထုတ်မည်ဟု စိတ်ကူးပါသည်။ မတူညီသော အသက်အရွယ် အပိုင်းအခြားနှစ်ခုနှင့် လူမှုဘဝစောင့်ရှောက်မှုပုံစံမှ ဆန်းကြယ်သော ချစ်ခြင်းမေတ္တာသို့ ကူးပြောင်းသွားပုံမှာ ယုတ္တိဗေဒနည်း ကျချင်မှ ကျမည်ဖြစ်သော်လည်း ထိန်းကွပ်ရေးသားဖော်ပြရန်လည်း ရည်ရွယ်ပါသည်။ ကျွန်တော်နှင့်ရင်းနှီးသော အမျိုးသမီးမိတ်ဆွေတစ်ယောက်ကို ပြောဖူးသည့်စကားကို အမှတ်ရသည်။‘ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ကို ချစ်တယ်ဆိုတာ အမျိုးမျိုးရှိတယ်။ ကိုယ့်အမေကို ချစ်သလိုမျိုး ချစ်နေမိတာ၊ တစ်ခါတလေ တွေ့ရတတ်တာက ကိုယ့်အိမ်နားက အသက်ကြီးကြီး မိန်းမကြီးတစ်ယောက်ကို ဘာမှဖွင့်မပြောဘဲ ချစ်မြတ်နိုးနေသလိုမျိုးတွေ ရှိတယ်’ဟု သူမက ပြောပါသည်။ ထိုစဉ်က အရေးတယူ မစဉ်းစားခဲ့သော အကြောင်းအရာက အခုကျွန်တော့်ခေါင်းထဲ ရောက်လာပါသည်။

**(အမှာစာမှ)**

ဆရာနေမျိုး၏ 'ချစ်ခင်လေ ချစ်ပါလှသည့်ရှင်' ဝတ္ထုဇာတ်လမ်းသည် အဆန်းတကြယ်မဟုတ်၊ ရိုးရိုးရှင်းရှင်းပင် ဖြစ်သည်။ အသက်အရွယ် ကြီးကြီး အမျိုးသမီးတစ်ဦးနှင့် အသက်ငယ်ငယ် သားအရွယ်ကလေးငယ်တစ်ဦးတို့၏ သံယောဇဉ်ဖွဲ့ မေတ္တာဇာတ်လမ်းတစ်ပုဒ် ဖြစ်သည်။

ဝတ္ထုတစ်အုပ်လုံး အခန်း(၁၄)ခန်းဖြင့် ရေးဖွဲ့ထားသည်။ မိဘမဲ့လေး ကျော်ဇေယျ(ဖိုးကျော်)ကို အဒေါ်ဝမ်းကွဲဖြစ်သူ ဝင်းဝင်းအောင်(ကြီးဝင်း)က ခေါ်ယူမွေးစားပြီး ကျောင်းထားပေးသည်။ ကြီးဝင်းသည် စက္ကူအိတ်ခေါက်ချုပ်၍'ဝင်းအိမ်တွင်းမှုလုပ်ငန်း' အသေးစားလေးကို တည်ထောင်ပြီး ဘဝကို ဖြတ်သန်းနေသူဖြစ်ကာ ယောကျ်ားစိတ် နည်းနည်းဝင်သည်။ ဆံပင်တိုတို၊ ပိန်ပိန်ပါးပါး၊ ကော်လံပါသည့် ရှပ်အင်္ကျီ အမြဲဝတ်သည်။ ပုဆိုးဝတ်သည့်အခါ ပုဆိုးဝတ်သည်။ ထဘီဝတ်လျှင်လည်း ပုဆိုးလိုဝတ်သည်။ (၁၀)တန်းထိ ကျောင်းပညာသင်ယူခဲ့ဖူးသည်။

ကြီးဝင်းမိသားစုတွင် အမေမရှိတော့၊ အဖေဖြစ်သူက နောက်အိမ်ထောင်ပြုပြီး နောက်အိမ်ထောင်နှင့်ပဲ သွားနေသည်။ အစ်ကိုဖြစ်သူကလည်း အောက်သူနှင့် အိမ်ထောင်ကျကာ သူ့အိုး၊ သူ့အိမ်နှင့် နေကြသည်။ ထို့ကြောင့် ကြီးဝင်းသည် တစ်ကိုယ်တည်း ရပ်တည်နေသူ ဖြစ်သည်။ ဖိုးကျော်ကို ခေါ်မွေးစားလိုက်သဖြင့် အဖော်ရသွားကာ ကြီးဝင်းအတွက် လူတစ်ယောက်ပိုလာသဖြင့် သူ့ကိုယ်ပိုင် စက္ကူအိတ်ခေါက်ချုပ်သည့်လုပ်ငန်းကို ပို၍လုပ်ကိုင်သည်။ ငါးတန်းကျောင်းသား ဖိုးကျော် စားစရိတ်အပြင် ကျောင်းစရိတ်အတွက်ပါ အပိုဝင်ငွေရှာရသည်။

ကြီးဝင်း၏လုပ်ငန်းမှာ အကျိုးပေးအဆင်ပြေသဖြင့် အရပ်ထဲမှ မိန်းကလေးအချို့ကို လုပ်အားခပေး အကူခေါ်ရသည်။ လုပ်ငန်းကို တိုးချဲ့လုပ်ကိုင်သည်။ ကြီးဝင်းသည် ဖိုးကျော်အား ကျောင်းပို့၊ ကျောင်းကြို ပြုလုပ်ရသည်မှ ဖိုးကျော်၏ စာမေးပွဲအရည်အချင်းစစ် အောင်၊ ရှုံးကတ်ပြားလက်မှတ် ထိုးပေးသည်အထိ သားအရင်းတစ်ယောက်ကဲ့သို့ တာဝန်ယူစောင့်ရှောက်သည်။

ဖိုးကျော်ကလည်း ကျောင်းမှသူငယ်ချင်းများက ကြီးဝင်းနှင့် ပတ်သက်ပြီး 'အဲ့ဒါ မင်း အမေလား၊ အဖေလား'ဟု မေးကြသောအခါ 'အဖေလည်း ဟုတ်တယ်၊ အမေလည်း ဟုတ်တယ်'ဟု အလိုက်သင့် ပြန်ဖြေသည်။ ဤသို့ဖြင့် ဖိုးကျော်တစ်ယောက် ကြီးဝင်းအိမ်တွင် ငါးတန်း၊ ခြောက်တန်း၊ ခုနစ်တန်းအထိ အနေကြာခဲ့သည်။ ငါးတန်း၊ ခြောက်တန်း အရွယ်ငယ်သေးသဖြင့် ကြီးဝင်းဘေးမှာ အိပ်ရသည်။ ဖိုးကျော် ခုနစ်တန်းရောက်သောအခါ ကြီးဝင်းက ဖိုးကျော် ကို အပေါ်ထပ်သို့ ခွဲအိပ်စေတော့၏။

အထက်တန်းကျောင်းသားဖြစ်လာတော့ ဖိုးကျော် လူပျိုပေါက် ဖြစ်လာသည်။ ကြီးဝင်းလည်း အလုပ်ထဲမှ မိန်းကလေးများနဲ့ တရင်းတနီး နေထိုင်ရင်း တဖြည်းဖြည်း မိန်းမဆန်ပြီး ကိုယ်ခန္ဓာဖွံ့ဖြိုးလာသည်။

အသက်အရွယ်ရလာတော့ ပုံနှိပ်တိုက်ပိုင်ရှင်မုဆိုးဖို ဦးဘစံက ကြီးဝင်းကို လိုချင်မျက်စိကျလာသည်။ လုပ်ငန်းသဘော ပတ်သက်နေသောကြောင့် ဦးဘစံကို ကြီးဝင်းက မနှစ်သက်သော်လည်း အလိုက်အထိုက် ဆက်ဆံနေရသည်။ ဦးဘစံတွင် နီနီဆိုသည့် သမီးတစ်ယောက် ရှိပြီး ကျော်ဇေယျ(ဖိုးကျော်)နှင့် အတန်းတူ ဖြစ်သည်။ ဖိုးကျော်က ပုံနှိပ်တိုက်သို့ ဝင်ထွက်နေရသဖြင့် နီနီနှင့် သိကျွမ်းခင်မင်သွားသည်။ ဝတ္ထုထဲတွင် ဇာတ်ကောင်များစွာ ပါဝင်လာသည်။

ဇာတ်လမ်းကို အစအဆုံး ရေးမပြတော့ပါ။ ဇာတ်ကွက်၊ ဇာတ်ရှိန်၊ ဇာတ်တက်၊ ဇာတ်ကျတို့ဖြင့် အလှည့်အပြောင်းများထည့်ပြီး ဇာတ်နာအောင် ရေးဖွဲ့၍ ရသော်လည်း ဆရာနေမျိုးသည် သူ့ဝတ္ထုကို ရိုးရှင်းသောနည်းဖြင့် အဆုံးသတ်ထားသည်။

တစ်နည်းအားဖြင့် ကျော်ဇေယျ(ဖိုးကျော်)နှင့် ဝင်းဝင်းအောင်(ကြီးဝင်း)တို့ကို ချင်ခင်စွာ အကောင်းမြင်စိတ်နှင့် ပေါင်းဖက်ဇာတ်သိမ်းထားသည်ကို ဖတ်ရှုရသည်။ အခန်း(၁၄)မှ သူ၏ အဆုံးသတ်ဇာတ်ဝင်ခန်းလေးကို ဖတ်ကြည့်စေချင်သည်။

နံနက်လင်းလျှင် မန်ကျည်းပင်ထက်မှ ငှက်အပေါင်းသည် နွေရာသီ၏ ပွဲသဘင်ကိုခံသလို ကျည်ကျည်ကျာကျာ မြည်သံတို့ဖြင့် နိုးထလာသည်သာ ဖြစ်သည်။ ယခုမူ ကျေးငှက်သံဆိတ်၊ အိပ်တန်းတက်ကြပေပြီ။ အမှောင်က တစ်စတစ်စ သမ်းလာသည်။ ဖိတ်ဝ ဝပ် မီးသီး၏ ဝါကြန့်ကြန့်အလင်းရောင်က အိမ်ကလေးထဲမှာ နေရာအနှံ့ ပျံ့နှံ့နေသည်။

‘မင်းငါ့ကို ဘယ်အချိန်မှာ စိတ်ဝင်စားခဲ့တာလဲ’ ဝင်းဝင်းအောင်အသံက လှိုက်လှဲတုန်ယင်နေသည်။

‘မကြီးဝင်း သိလား၊ ဈေးကအပြန် သင်္ဘောသီး ဝယ်လာတုန်းက’ဟု ကျော်ဇေယျက ပြောသည်။ ‘အဲ့ဒီတုန်းကလား’ဟု ဝင်းဝင်းအောင်က မေးသည်။

‘အဲ့ဒီမတိုင်ခင်က အထိတော့ ရိုးရိုးပဲလေ’ဟု ကျော်ဇေယျက ပြော၏။ ‘အခုတော့ရော’ဟု ဝင်းဝင်းအောင်က မေးလေ၏။ ‘ရိုးရိုးပါပဲ ကျွန်တော် ရိုးရိုးပဲပြောရရင် မကြီးဝင်းကို ချစ်မိသွားတာ’ဟု ကျော်ဇေယျက ဆိုသည်။

‘မင်းက ဒါကြောင့် ငါဝယ်လာတဲ့ သင်္ဘောသီးက သင်္ဘောစေ့ကလေးတွေ ယူပြီး စိုက်တာပေါ့’ ဟု ဝင်းဝင်းအောင်က မေး၏။

‘ဟုတ်တယ်’

‘သူ့မောင်ရဲ့ ဝတ္ထုတစ်အုပ်ရှိတယ်’ဟု ဝင်းဝင်းအောင်က ပြောသည်။ ‘ဘာဝတ္ထုလဲ’ဟု ကျော်ဇေယျက မေး၏။

‘အချစ်သစ်ပင်ဆိုတဲ့ ဝတ္ထုစာအုပ်ပဲ’

‘ဩော် … အချစ်သစ်ပင်ကိုး’ဟု ကျော်ဇေယျက ရေရွတ်၏။

‘အဲ့ဒါ အမှန်ပဲ၊ မင်းစိုက်တဲ့ သင်္ဘောပင်ကလေးတွေက အချစ်သစ်ပင် ဖြစ်သွားပြီ’ဟု ဝင်းဝင်းအောင်က ပြော၏။

‘အဲ့ဒါ တကယ်’ဟု ကျော်ဇေယျကပြော၏။

‘ငါ မင်းကို တစ်ယောက်ယောက်နဲ့ နီးစပ်သွားမှာ မစိုးရိမ်ဘူး’




‘ကျွန်တော်ကလည်း မကြီးဝင်းကို တစ်ယောက်ယောက်နဲ့ နီးစပ်သွားမှာ မစိုးရိမ်ပါဘူး’

‘ငါကလေ တစ်နေ့နေ့မှာ မင်းနဲ့ငါ ချစ်ကျွမ်းဝင်မှာကို သိနေသလိုပဲ’ဟု ဝင်းဝင်းအောင်က ပြော၏။ ကျော်ဇေယျက ‘ကျွန်တော်လည်း မကြီးဝင်းက ကျွန်တော့်ဘဝရဲ့ အရေးပါတဲ့သူ ဖြစ်လာမယ်ဆိုတာ ကြိုသိနေသလိုပဲ’

‘လူတစ်ယောက်က လူတစ်ယောက်ကို လိုအပ်တယ်လို့များ ဘယ်လိုလုပ်သိသလဲ’ဟု ဝင်းဝင်းအောင်က မေး၏။

‘ကျွန်တော်က မကြီးဝင်းကို လိုအပ်တယ်လို့ ခံစားရတာကိုး။ ဒီတော့ သိတာပေါ့’ဟု ကျော်ဇေယျက ပြော၏။

‘မင်းက မိန်းမတစ်ယောက်ကို ချစ်တတ်သွားပြီ’ဟု ဝင်းဝင်းအောင် ပြော၏။ ကျော်ဇေယျက ဘာမျှမဆိုဘဲ ငြိမ်သက်သွား၏။

‘မိန်းမတစ်ယောက်ကို ချစ်တတ်သွားပြီဆိုရင် မင်းက ကမ္ဘာတစ်ခုကို အပိုင်ရသွားတာပဲ’ ဟု ဝင်းဝင်းအောင်က ဆက်ပြော၏။

‘ဘယ်လို ကမ္ဘာလဲ’ဟု ကျော်ဇေယျက ဝင်းဝင်းအောင် ပါးပြင်နားကပ်၍ မေးလေ၏။ သနပ်ခါးနံ့ မွှေးမွှေးလေးကို ကျော်ဇေယျ ရ၏။ ထိုခဏ၌ နွေဦးညဥ့်လေပြည်က တိုးဝှေ့ကျီစယ်၏။ သစ်ရွက်တို့ လှုပ်၏။ ဝင်းဝင်းအောင်ကလည်း ကျော်ဇေယျမျက်နှာနှင့် အနီးဆုံးသို့ တိုးကပ်ကာ -

‘နှစ်ယောက်တစ်ကမ္ဘာ’ဟု ပြောလိုက်သည်။

**(စာမျက်နှာ - ၂၁၉-၂၂၀)**

တစ်ဦးနှင့်တစ်ဦး အသက်အရွယ် ကွာဟသော်လည်း အနေနီး၊ အနေကြာသည့် ရင်းနှီးမှု သံယောဇဉ်နှောင်ကြိုးမှတစ်ဆင့် ပို၍ ခိုင်မြဲသော ချစ်မေတ္တာကြိုးသို့ လွယ်လင့်တကူ ကူးပြောင်းတတ်သည်မှာ လူ့သဘော သဘာဝပင် ဖြစ်သည်။ သို့သော် ချစ်မေတ္တာသည် အတိမ်းအစောင်း မခံပါ။ မီးလျှံနှင့် ရေသီတာလို ကျောချင်းကပ်နေတတ်ပါသည်။

ဆရာနေမျိုး၏ လိမ္မာပါးနပ်စွာ ရေးဖွဲ့တတ်မှုကြောင့် 'ချစ်ခင်လေ ချစ်ပါလှသည့်ရှင်' လုံးချင်းဝတ္ထုကြီးသည် သိင်္ဂါရ ရသဖြင့် ထုံမွမ်းနေသည့် အားမြဲသော ချစ်မေတ္တာရေစင်ဖြစ်သည်ဟု ဆိုရပေမည်။

ဆရာနေမျိုး၏ သိင်္ဂါရဝတ္ထုရှည်တစ်ပုဒ်ကို ဖတ်ရှုရသောကြောင့် ကျေနပ်ပျော်ရွှင်မိပါသည်။

# စက်ရုံ၊ အလုပ်ရုံများနှင့် ရပ်ကွက်လူနေအိမ်များအား မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်

**မန္တလေး မတ် ၂၄**

မန္တလေးပြည်ကြီးတံခွန်မြို့နယ်တွင် ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မီးလောင်မီးလန့်မှုများ မဖြစ်ပွား၊ မပေါ်ပေါက်စေရေးအတွက် ယမန်နေ့ နံနက်ပိုင်းမှ စတင်၍ စက်ရုံ၊ အလုပ်ရုံများနှင့် ရပ်ကွက်လူနေအိမ်များအား မီးဘေးလုံခြုံရေးစစ်ဆေးခဲ့သည်။

**(အောက်ပုံ)**

အဆိုပါ စစ်ဆေးရာတွင် ပြည်ကြီးတံခွန်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင် ၁၀ဦး၊ အရန်တပ်ဖွဲ့ဝင် ၂၀ ဦးတို့ဖြင့် ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ စက်ရုံအတွင်း တပ်ဆင်ထားသော မီးငြိမ်းသတ်ရေးစနစ်များအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခြင်း၊ ရပ်ကွက်အတွင်းရှိ လူနေအိမ်များအား တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ 191 Report Application အား ထည့်သွင်းပေးခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ၊ မီးသတ်ဆေးဘူးများ ပြည့်စုံစွာထားရှိစေရေးတို့ကို မှာကြားခဲ့ပြီး တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်းက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းမောင်(ခရိုင်၊ပြန်/ဆက်)**





# မုံရွာမြို့တွင် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ကျင်းပ

**မုံရွာ မတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အလယ်ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် မတ် ၂၃ ရက် မွန်းလွဲပိုင်းမှ စတင်၍ အစိုးရဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲကျင်းပသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ အစိုးရဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲကို နှစ်စဉ်ကျင်းပခြင်းဖြစ်ပြီး မုံရွာမြို့ရှိ ကျောင်းတိုက်အသီးသီးမှ စာဖြေသံဃာတော်များက အေးချမ်းစွာဖြင့် ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

စာမေးပွဲကို တန်ခူးလဆန်း ၆ ရက်မှ တန်ခူးလဆုတ် ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ပထမနေ့တွင် စာရင်းရှိ စာဖြေသံဃာတော်၊ သီလရှင် စုစုပေါင်း ၁၁၃ ပါး ရှိပြီး လာရောက်ဖြေဆိုသူ သံဃာတော်၊ သီလရှင် စုစုပေါင်း ၉၃ပါး၊ ပျက်ကွက် အပါး ၂၀ ရှိကြောင်း သိရသည်။

စာမေးပွဲဖြေဆိုနိုင်ရေးအတွက် မုံရွာမြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်အပါအဝင် ကြီးကြပ်ဆရာတော်များ၊ မုံရွာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်၊ မုံရွာမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်လင်းနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ စေတနာရှင်အလှူရှင်များက သွားရောက် ဖူးမြော်ကြည်ညိုခဲ့ပြီး မုံရွာခရိုင်နှင့် မုံရွာမြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျန်းမာရေးစောင့်ရှောက်မှုများအပါအဝင် လိုအပ်သည်များကို ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။

စာဖြေသံဃာတော်များအား မုံရွာခရိုင်၊ မုံရွာမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက ဝတ္ထုငွေ၊ အအေးနှင့် ရေသန့်များ ကပ်လှူခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (၃၉၄)**

# လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လမ်းဘေးဈေးသည်များ၊ မသမာသူများ၊ လေလွင့်ကလေးငယ်များမရှိစေရေး လိုက်လံစစ်ဆေး

**မင်းဘူး မတ် ၂၄**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊မင်းဘူးမြို့၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ မရှိစေရေး၊လမ်းဘေးဈေးသည်များ၊ လေလွင့်ကလေးငယ်များနှင့် မသမာသူများ ဝင်ရောက်သွားလာ နေထိုင်ခြင်းမရှိစေရေးအတွက် ယမန်နေ့ နံနက် ၉ နာရီခွဲက လမ်းဆုံ၊ လမ်းခွနှင့် မီးပွိုင့်များတွင် လိုက်လံစစ်ဆေးခဲ့ကြသည်။

ထိုသို့ စစ်ဆေးခြင်းကို မင်းဘူးမြို့၊မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ဆိုင်ကယ်ဆိုင်များ၊ ဆိုင်ကယ် Show Room များတွင် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေးကာ တောင်လှည်းကောက်လမ်းဆုံ၊ မြောက်လှည်းကောက်လမ်းဆုံ၊ ကုလားကုန်းအတက် မြို့မဈေးလမ်းဆုံနှင့် မီးပွိုင့်များတွင် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များနှင့် မင်းဘူး-စကုလမ်းမကြီးတစ်လျှောက် စည်းကမ်းမဲ့ ခေါင်းရွက်ဗျပ်ထိုး ဈေးရောင်းချသူများ၊လေလွင့်ကလေးငယ်များမရှိစေရေး လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။



**(အပေါ်ပုံ) (၅၀၄)**

# ပြည်သူ့စာကြည့်တိုက်၌ ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်

**မြစ်သား မတ် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၌ နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသား၊ကျောင်းသူလူငယ်များအနေဖြင့် အချိန်ကို အကျိုးရှိရှိ အသုံးချတတ်စေရန်၊ ယဉ်ကျေးလိမ္မာစေရန်၊ ဗုဒ္ဓဘာသာဝင်တစ်ဦး လိုက်နာကျင့်သုံးရမည့် အကြောင်းအရာများကို သိရှိစေရန် ရည်ရွယ်၍ မတ် ၂၃ ရက် နံနက် ၉ နာရီခွဲက ယဉ်ကျေးလိမ္မာသင်တန်း(အခမဲ့)ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ဖွင့်လှစ်သင်ကြားခဲ့သည်။

ရှေးဦးစွာ သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူများကို လူတော်၊လူကောင်းလေးများဖြစ်လာစေရန်၊ ပိုမိုယဉ်ကျေးလိမ္မာလာစေရန်၊ ရတနာသုံးပါးကို ရိုသေကိုင်းရှိုင်းတတ်စေရန်၊ အနန္တော အနန္တငါးပါး၏ ဂုဏ်ကျေးဇူးကိုသိတတ်စေရန်၊ မိဘ၊ ဆရာသမားများအပေါ် ကျေးဇူးသိတတ်စေရန်နှင့် ပေါင်းသင်းဆက်ဆံတတ်စေရန်တို့ကို ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာ ဦးဇော်သိန်းက သင်တန်းပို့ချသင်ကြားရာတွင် ဘုရား၊ တရားနှင့် သံဃာ့ဂုဏ်တော်များ၊ လူ့ကျင့်ဝတ်များ၊ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးခြင်းဆိုင်ရာ သုံးဆယ့်ရှစ်ဖြာမင်္ဂလာများနှင့် ဗုဒ္ဓဘာသာဝင်များ သိသင့်သိထိုက်သည့် အကြောင်းအရာများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယဉ်ကျေးလိမ္မာသင်တန်းကို မြစ်သားမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ မူလတန်း၊အလယ်တန်းအဆင့် ကျောင်းသား၊ကျောင်းသူ ၁၆ ဦးတို့ တက်ရောက်ကြပြီး မတ် ၂၃ရက်မှ ၃၁ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**ဝါဝါမြင့် (မြစ်သား)**

*- *- *- *- *



# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ



**စစ်ကိုင်း မတ် ၂၄**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ အမှတ်(၁၀၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(စစ်ကိုင်း)မှ မတ် ၂၃ ရက် နံနက် ၈ နာရီမှ ၁၀နာရီအထိ စစ်ကိုင်း-မန္တလေးလမ်း၊ စစ်ကိုင်းမြို့အဝင် ကိုးပေတံတားမီးပွိုင့်တွင် ဆိုင်ကယ်များ၊ သုံးဘီးဆိုင်ကယ်များ၊ ထော်လာဂျီများ၊ အိုးဝေများအား လမ်းညာဘက်ကပ်မောင်းရန်၊ မီးအချက်ပြများကို တိကျစွာ လိုက်နာရန်၊ အရက်သေစာသောက်စား၍ မောင်းနှင်ခြင်းမပြုရန်၊ဆိုင်ကယ်ဦးထုပ်အား မေးသိုင်းကြိုးသေချာစွာ တပ်ဆင်၍ ဆောင်းရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အသိပညာပေးပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဦးဆောင်၍ စစ်ကိုင်းမြို့ မြို့မမီးပွိုင့်တွင် မတ်လဆန်းကလည်း ယာဉ်မတော်တဆမှုကြောင့် ထိခိုက်သေဆုံးမှုလျော့နည်းစေရေးအတွက် ဆိုင်ကယ်စီးနင်း ပြည်သူများအား ဆိုင်ကယ်စီးဦးထုပ်အလုံး ၁၀၀၀ အခမဲ့ဖြန့်ဝေခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး Campaign ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၀၄၅)**

**ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပြီး မေးသိုင်းကြိုးသေချာစွာတပ်ပါ။**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အသိပေးကြော်ငြာချက်

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်အင်္ဂါရပ်နှင့်အညီ မြို့ပြစီမံကိန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် မန္တလေး(၆)မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါလုပ်ငန်းများ၏ အခွန်အခနှုန်းထားများအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ခေတ်နှင့်လျော်ညီသောနှုန်းထားသို့ ပြင်ဆင်သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပါသည်-

(က) ပုဂ္ဂလိကနှင့် အစိုးရဌာနပိုင် အဆောက်အအုံများ၏ပစ္စည်းခွန် (အိမ်ခွန် + လမ်းမီးခွန် + အမှိုက်သိမ်းဆည်းခ)၊ ဟိုတယ်၊ နိုင်ငံခြားသားအငှားချ၊ ရုပ်ရှင်ရုံ၊ စက်ပစ္စည်း၊ ပုဂ္ဂလိကဆေးရုံပစ္စည်းခွန်များ

(ခ) ပုဂ္ဂလိကနှင့် အစိုးရဌာနပိုင်အဆောက်အအုံများတွင် အသုံးပြုသည့် ရေဖိုး၊ ရေခ

(ဂ) ဘီးလိမ့်ခွန် ကောက်ခံခြင်း

(ဃ) မန္တလေးမြို့အဝင်ဂိတ်များတွင် လမ်းအသုံးပြုခ၊ တန်ပိုကြေး၊ မြို့ဝင်ကြေးကောက်ခံခြင်း

(င) ယာဉ်ရပ်နားစခန်းများ၊ ယာဉ်ရောင်းဝယ်ရေးစခန်းများနှင့် ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းများ(ဂိတ်ဝင်ကြေး၊ ညအိပ်ခွန်၊ ပွဲကျဈေးကောက်၊ ကား/ဆိုင်ကယ် လပေး၊ ဂိတ်ခန်းလခ၊ ဆိုင်ခန်းလခနှုန်းထားများ)

(စ) ဆိုင်ခန်းလခများ၊ ယာဉ်ရပ်နားခ/မျဉ်းဝါ၊ မြေနှင့် အဆောက်အအုံ ငှားရမ်းခများ၊ တိုက်ခန်းလခများ

(ဆ) လေလံလုပ်ငန်းများ(စက်ဘီး၊ ဆိုင်ကယ်၊ ကား အပ်နှံခကောက်ခံခွင့်၊ ရေချိုး/ အိမ်သာအသုံးပြုခကောက်ခံခွင့်၊ ယာဉ်ရပ်နား(ကန့်သတ်)ကောက်ခံခွင့်၊ (၆)မြို့နယ်လမ်းဘေးဈေးကောက် ကောက်ခံခွင့်၊ ဆိပ်ကမ်းခွန်ကောက်ခံခွင့်)

(ဇ) အုတ်၊ ထုံး၊ သဲ၊ ကျောက်ယာဉ်များ၊ Box ယာဉ်များ၊ ဆီသယ်ယာဉ်များ၊ မြေသယ်ယာဉ်များ၊ မော်တော်ယာဉ်ဖြင့် ဈေးရောင်းချခြင်း

၂။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် အထက်ဖော်ပြပါလုပ်ငန်းများ၏ ပြင်ဆင်ကောက်ခံမည့် အသေးစိတ်နှုန်းထားများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၊ ကြော်ငြာသင်ပုန်းနှင့် သက်ဆိုင်ရာနေရာများတွင် ဗီနိုင်းများကပ်၍ ကြော်ငြာသွားမည်ဖြစ်ပါသည်။

၃။ ပြင်ဆင်ကောက်ခံမည့် နှုန်းထားများနှင့်စပ်လျဉ်း၍ သိရှိလိုသောအချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ (ရုံးချိန်)အတွင်း မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) ဌာနခွဲမှူး၊ အခွန်ဌာနခွဲ ၀၉-၄၄၁၀၃၇၈၈၉
(ခ) ဌာနခွဲမှူး၊ ရာပြတ်ဌာနခွဲ ၀၉-၂၀၁၉၄၇၅
(ဂ) ဌာနခွဲမှူး၊ ရေခွန်ဌာနခွဲ ၀၉-၂၀၂၇၄၉၉

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၅)၊ ဦးပိုင်အမှတ်(၃၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မလှရင်(ခ)လီလီစိုး အမည်ပေါက်ဂရန်မြေကွက်၏ တောင်ဘက်ခြမ်းပေ(၃၀× ၄၀)အကျယ်အဝန်းရှိ မြေကွက်၏ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိတရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဦးမျိုးတင့်(ဘ)ဦးရွှေကြည်(၉/မတရ(နိုင်)၁၁၃၀၂၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/ ၂၊ ၃)၊ ၆၉ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃ လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ငင-၇)၊ ဦးပိုင်အမှတ်(၁၄၆-ခ)၊ ဧရိယာ(၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော ၁။ ဒေါ်တင်တင်စန်း(ဘ)ဦးသိန်းတန်(၉/မနတ(နိုင်)၀၆၂၂၄၉)၊ ၂။ ဒေါ်လေးလေးနွယ်(ဘ)ဦးသိန်းတန်(၉/ခမစ(နိုင်)၀၀၀၄၈၂)၊ ၃။ ဦးကိုကိုကြီး(ဘ)ဦးသိန်းတန်(၉/ခမစ(နိုင်)၀၀၀၄၈၁)၊ ၄။ ဦးကျော်ကျော်ထွေး(ဘ)ဦးသိန်းတန်(၉/ခမစ(နိုင်)၀၂၄၂၇၆)၊ ၅။ ဦးကျော်သူအောင်(ဘ)ဦးသိန်းအောင်(၉/ခမစ(နိုင်)၀၂၃၄၀၂)နှင့် ၆။ ဒေါ်သဲဖြူအောင်(ဘ)ဦးသိန်းအောင်(၉/ခမစ(နိုင်)၀၃၂၄၄၆)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမရဂီဝိရပ်ကွက်၊ အကွက်အမှတ်(၇၀၇)၊ ဦးပိုင်အမှတ်(၆၃-က)၊ ဧရိယာ(၀ ဒသမ ၀၁၃၃)ဧက အကျယ်အဝန်းရှိသော ဦးနေစိုး အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ် အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့် အပါအဝင်)သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဦးနေစိုး(ဘ)ဦးတင်အောင်(၉/မနမ(နိုင်)၀၅၇၉၉၆)၊ (၂)ဒေါ်စန်းစန်းဦး(ဘ)ဦးဘိုးအုန်း(၉/မနမ(နိုင်)၀၅၈၀၈၀)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်ခင်နီနီစိုး(LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း ➤ 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer.khinninisoe@gmail.com**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(၅၉၀/၁)၊ ဦးပိုင်အမှတ်(၂-က)၊ ဧရိယာ(၃ ဒသမ ၉၂၅)ဧကနှင့် ဦးပိုင်အမှတ်(၂-ခ)၊ ဧရိယာ(၁ ဒသမ ၆၀၈)ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်များပေါ်တွင် Mandalay Garden City Construction Company Limited မှ ဆောက်လုပ်ထားသော Garden City Apartment Complex အတွင်းရှိ တိုက်အမှတ်(၂)၊ အလွှာ(၁)၊ အခန်းအမှတ်(၁၀၂)၊ (၆၀၅)စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်လျက်ရှိသူဟု အဆိုပြုသော ဒေါ်ကြည်ကြည်ခိုင်(ဘ)ဦးမျိုးလွင်(၁၃/မနန(နိုင်)၀၁၂၆၂၄)ထံမှ ဦးချစ်ကိုကို(ဘ)ဦးတင်ဝင်း(၉/ပကခ(နိုင်)၀၀၂၄၉၅)တို့မှ အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပွင့်ရည်ဦး(ခ)ချောချော**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၈၉၉၉)**
**လမ်း ၆၀၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြား၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၂၀၄၇၇၊ ၀၉-၉၄၂၀၂၀၄၇၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ ၃၆ လမ်းနှင့် ၃၇ လမ်းကြား၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြား၊ လက်ပံဝင်းအတွင်း အကွက်အမှတ်(၆၈၄)၊ ဦးပိုင်အမှတ်(၃၇)၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃)ခန်းတွဲ၊ (၆)ထပ်တိုက်ခန်း၏ တောင်ဘက်ဆုံးခြမ်း အခန်းအမှတ်(A-1)၊ (၁၃ ပေ × ပေ ၅၀)အကျယ်အဝန်းရှိ မြေညီထပ်(ထပ်ခိုးပါ)တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ ကိုယ်ပိုင်လျှပ်စစ်မီတာ(၁)လုံး၊ ကိုယ်ပိုင်မော်တာ(၁)လုံး အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပျောက်စနစ်အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်နှင့် မိသားစုစီမံမှုကတိစာချုပ်တို့အရ လက်ရှိလက်ရောက်ပိုင်ဆိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်ကြသော ဦးအောင်ဇော်ထွန်း(ဘ) ဦးပါ(၉/မရတ(နိုင်)၁၁၃၂၉၀)(ပါ-၃)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများ၊ သက်ဆိုင်ရာတရားရုံးတို့၏ စီရင်ချက်၊ ဒီကရီများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| | | |
|---|---|---|
| ဦးကျော်ဖြိုးဦး(LL.M) | ဒေါ်သက်သက်ခိုင်(LL.B) | ဒေါ်ချစ်သဲဝေ(LL.B) |
| တရားလွှတ်တော်ရှေ့နေများ | | အထက်တန်းရှေ့နေ |

**အကွက်(စ-၂)၊ လမ်း ၆၀၊ မနော်ဟရီလမ်းနှင့် စိန်ပန်းလမ်းကြား၊ မြို့သစ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၅၄၂၉၆၊ ၀၉-၉၇၄၆၉၆၆၆၀**

- ❖ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုရှိရန်လိုသကဲ့သို့ ဒေသတွင်းနေထိုင်သည့်သူများကလည်း အမှန်တကယ်အလုပ်လုပ်ရန်လို...
- ❖ အလားတူ ပညာရည်မြင့်မားရေးသည်လည်း မဖြစ်မနေလို...
- ❖ နိုင်ငံတစ်ခုအနေဖြင့် အလုပ်လုပ်ကိုင်မှသာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင်ပြုလုပ်သော ဘားအံမြို့ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

- ❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝ ပတ်ဝန်းကျင် ထိန်းကြစို့။

## ၂၅-၃-၂၀၂၆ ရက်နေ့မှစတင်၍ ပြည်တွင်းလေယာဉ်ခရီးစဉ်များ လျာထားခေါက်ရေများအတိုင်း အပြည့်အဝ ပျံသန်းပြေးဆွဲသွားမည်

၂၄ - ၃ - ၂၀၂၆

ပြည်တွင်းလေကြောင်းလိုင်းများဖြစ်သည့် မြန်မာအမျိုးသားလေကြောင်း၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း၊ မင်္ဂလာလေကြောင်း၊ မန်းရတနာပုံလေကြောင်းနှင့် အဲသံလွင်လေကြောင်းလိုင်းတို့အနေဖြင့် လေယာဉ်ဆီ အခက်အခဲကြောင့် အများပြည်သူသယ်ယူပို့ဆောင်ရေး (Public Transportation) ဖြစ်သော လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် နိုင်ငံတော်သည် လေကြောင်းလိုင်းများမှ လိုအပ်သည့် လေယာဉ်ဆီများကို ဝယ်ယူရရှိရေး စီစဉ်ဆောင်ရွက်ပေးထားပြီးဖြစ်ပါသဖြင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှစတင်ကာ ယခင်ပျံသန်းပြေးဆွဲလျက်ရှိသည့် ခရီးစဉ်များအတိုင်း အပြည့်အဝပြန်လည်ပြေးဆွဲသွားမည်ဖြစ်ပါကြောင်းနှင့် ပျံသန်းမည့် ခရီးစဉ်များတွင် မဖြစ်မနေပျံသန်းပြေးဆွဲရန် လိုအပ်သည့် ပူတာအိုမြို့၊ မြစ်ကြီးနားမြို့၊ ကျိုင်းတုံမြို့၊ တာချီလိတ်မြို့၊ ကော့သောင်းမြို့၊ ကျောက်ဖြူမြို့၊ စစ်တွေမြို့၊ ကလေးမြို့၊ ဟုမ္မလင်းမြို့နှင့် ခန္တီးမြို့များသို့ ပထမဦးစားပေးအနေဖြင့် လေယာဉ်ခရီးစဉ်များ ပျံသန်းပြေးဆွဲရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## အာရှဖလားဘောလုံးပြိုင်ပွဲ မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့၏ ခြေစစ်ပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၄

၂၀၂၇ ခုနှစ် အာရှဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းနှင့် အာဖဂန်နစ္စတန် အမျိုးသားဘောလုံးအသင်းတို့၏ ခြေစစ်ပွဲစဉ်ကို မတ် ၂၆ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၄ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်



## နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA ၊ KNDF ၊ PNLO နှင့် PDF အမည်ခံအဖွဲ့ဝင် ၂၇ ဦးတို့ လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် မတ် ၂၄

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် DPLA ၊ KNDF ၊ PNLO နှင့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် အမျိုးသား ၂၆ ဦးနှင့် အမျိုးသမီး တစ်ဦး၊ စုစုပေါင်း ၂၇ ဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

စာမျက်နှာ ၁၀ သို့ ❖

## မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အခြေခံဒိုင်သင်တန်း (MFF Basic Referee Course 1/2026)ဖွင့်လှစ်

မြန်မာ့ဘောလုံးလောကအတွင်း အရည်အသွေးရှိသော ဒိုင်လူကြီးသစ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)၊ ဒိုင်ကော်မတီနှင့် ဒိုင်ဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် " MFF Basic Referee Course 1/2026 " သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက သုဝဏ္ဏကွင်းအတွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဒိုင်ကော်မတီအဖွဲ့ဝင် ဦးထွန်းလှအောင်က သင်တန်းနှင့်ပတ်သက်သည့် အမှာစကားများကို ဆက်လက်ပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာကြသည့် သင်တန်းသားများနှင့် မိတ်ဆက်ခြင်းနှင့် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အခြေခံဒိုင်သင်တန်းကို မတ် ၂၄ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး၊ ရန်ကုန်၊ ဧရာဝတီ၊ ကရင်နှင့် ပဲခူးတိုင်းဒေသကြီး အပါအဝင် ဒေသအသီးသီးမှ ပညာရေးဝန်ထမ်းများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ တက္ကသိုလ်ကျောင်းသားများနှင့် ဘောလုံးဝါသနာရှင် လူငယ်စုစုပေါင်း ၂၉ ဦး တက်ရောက်လျက်ရှိသည်။ (NGB)

